# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မဂ်ဂဇာရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၃၁၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကျင်းပ

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှာစကားပြောကြား

# လူငယ်များကို စနစ်တကျ မှန်မှန်ကန်ကန် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် တည်ဆောက်သွားနိုင်မည်

နေပြည်တော် ဩဂုတ် ၁၂

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရထူးချွန်လူငယ်များ၊ မသန်စွမ်းလူငယ်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်များ၊ ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်ဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်နှစ်တိုင်း ဩဂုတ် ၁၂ ရက်တွင် ကျင်းပပြုလုပ်လျက်ရှိသကဲ့သို့ မိမိတို့မြန်မာနိုင်ငံတွင်လည်း ရပ်ရွာအကျိုးပြုလုပ်ငန်းများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❑




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မသဲဝါအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❑ *ရှေ့ဖုံးမှ*

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ လူငယ်များ ပိုမိုပူးပေါင်းပါဝင်လာစေရန်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို လူငယ်လူရွယ်များ ပိုမိုသိရှိပြီး ပါဝင်ဆင်နွှဲလာကြစေရန်နှင့် လူငယ်များ၏ လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ကျင်းပပြုလုပ်ပေးလျက်ရှိကြောင်း။

**အဓိကအခန်းကဏ္ဍမှ ပါဝင်လာစေရန်လို**

ကုလသမဂ္ဂအဖွဲ့က ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ချမှတ်ပေးထားသည့် ဆောင်ပုဒ်မှာ **"စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး" (Youth Digital Pathways For Sustainable Development)**ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းနှင့်အတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီစေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် လူငယ်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာစေရန် လိုအပ်ကြောင်း တိုက်တွန်းအသိပေးလိုသည့် ရည်ရွယ်ချက်ဖြစ်ကြောင်း။

**နည်းပညာရှင်လူငယ်များမွေးထုတ်**

မိမိတို့နိုင်ငံတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ ပိုမိုအားကောင်းစေရန်၊ အရည်အသွေးပြည့်မီပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများ အားပေးမြှင့်တင်နိုင်ရန်အတွက် Polytechnic University (၈) ခုကို ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် အရည်အသွေးပြည့်မီသည့် နည်းပညာရှင်လူငယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ နည်းပညာကျွမ်းကျင်သည့် လူငယ်များ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

ယခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို *စာမျက်နှာ ၄ သို့*

- **မိမိတို့နိုင်ငံတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ ပိုမိုအားကောင်းစေရန်၊ အရည်အသွေးပြည့်မီပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများ အားပေးမြှင့်တင်နိုင်ရန်အတွက် Polytechnic University (၈) ခု ကို ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် အရည်အသွေးပြည့်မီသည့် နည်းပညာရှင်လူငယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်**
- **နည်းပညာကျွမ်းကျင်သည့် လူငယ်များ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်မည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာဆေးဘက်ဆိုင်ရာ ဇီဝဓာတုဗေဒပညာရပ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မကြွယ်စင်လင်းလက်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် CAHYA MATA Malaysian Open Championships 2024 (14th–16th) June 20000 m Walk ရွှေတံဆိပ်ဆုရရှိခဲ့သည့် မဇင်မေထက်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် University Gam တွင် လုံတံပစ်အားကစားနည်းဖြင့် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မောင်နန်းထက်မောင်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

ယခင်နှစ်များနှင့်မတူဘဲ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များကို ဖိတ်ကြားပြီး လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေး အစီအစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်များကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း။

၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်သည် လူငယ်များဖြစ်ကြောင်း သိရှိရသည့်အတွက် မြန်မာနိုင်ငံသည် လူငယ်ထုအင်အား၊ တစ်နည်းအားဖြင့် လုပ်သားအင်အားများပြားသည့် အခြေအနေကောင်းကို ရရှိပိုင်ဆိုင်ထားကြောင်း၊ ယနေ့လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြမည့်သူများဖြစ်ပြီး အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ့အရင်းအမြစ်များဖြစ်ကြကြောင်း၊ တစ်နည်းအားဖြင့် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များပင် ဖြစ်ကြောင်း။

❖ **၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်သည် လူငယ်များဖြစ်ကြောင်း သိရှိရသည့်အတွက် မြန်မာနိုင်ငံသည် လူငယ်ထုအင်အား၊ တစ်နည်းအားဖြင့် လုပ်သားအင်အား များပြားသည့် အခြေအနေကောင်းကို ရရှိပိုင်ဆိုင်ထား**

❖ **ယနေ့လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြမည့်သူများဖြစ်ပြီး အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ့အရင်းအမြစ်များ ဖြစ်၊ တစ်နည်းအားဖြင့် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များပင်ဖြစ်**

**လေ့ကျင့်ပျိုးထောင်**

လူငယ်များကို စနစ်တကျ မှန်မှန်ကန်ကန် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း၊ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံကြသည့် လူငယ်များဖြင့်သာ နိုင်ငံကို ကောင်းအောင် တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်နှင့် ပြည့်စုံအောင် လေ့ကျင့်ပျိုးထောင်သွားကြရန် မှာကြားလိုကြောင်း။

**အထူးအလေးထားဆောင်ရွက်ပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေး ဦးတည်ချက်(၃)ရပ်အနက် တတိယအချက်ဖြစ်သည့် “နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး” ဟု ချမှတ်ထားရှိကြောင်း၊ ထို့ကြောင့် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူငယ်များဘက်စုံထူးချွန်ပြီး အတတ်ပညာရှင်၊ အသိပညာရှင်များ ထွက်ပေါ်လာစေရေး၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မှန်ကန်သည့်လမ်းကြောင်းပေါ်ကို ရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် လူငယ်ရေးရာကော်မတီတို့ကို ဖွဲ့စည်းထားရှိပေးပြီးလည်းဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုထိရောက်ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

စည်းလုံးညီညွတ်ပြီး သဟဇာတဖြစ်သည့် အနာဂတ်လူ့ဘောင် အဖွဲ့အစည်းကို ထူးချွန်ထက်မြက်သည့်၊ ကျန်းမာကြံ့ခိုင်သည့်၊ တွေးခေါ်နိုင်စွမ်းရှိပြီး အကျင့်စာရိတ္တကောင်းမွန်သည့်၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် လူကောင်းလူတော်များဖြင့်သာ ဖန်တီးဖော်ဆောင်ပေးနိုင်မည်ဖြစ်သောကြောင့် နိုင်ငံ၏အနာဂတ်အတွက် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ကော်မတီများနှင့် တာဝန်ရှိသူအားလုံးက ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းစွာဖြင့် ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

**ဂါရဝပြုပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ၊အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

**Video Clip အား ကြည့်ရှု**

ယင်းနောက် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်း Video Clip အား ကြည့်ရှုကြသည်။

ထို့နောက် လူငယ်ဂုဏ်ပြုတေးသီချင်းနှင့် တိုင်းရင်းသားယဉ်ကျေးမှု အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ် များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်ပြခန်းအား စိတ်ပါဝင်စားစွာ ကြည့်ရှုစဉ်။**

## စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကျင်းပ

**မုံရွာ ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။**(ယာပုံ)**

ဦးစွာ မုံရွာပညာရေးဒီဂရီကောလိပ်မှ လူငယ်များက "လူငယ်စွမ်းရည်" ဂုဏ်ပြုတေးသီချင်းဖြင့် ကပြဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့သည် ကမ္ဘာ့ကုလသမဂ္ဂပါအဝင် နိုင်ငံအားလုံးက လူငယ်များအားလုံးကို အသိအမှတ်ပြုတန်ဖိုးထားပါကြောင်း၊ လူငယ်များ၏ အရေးပါမှုအား အသိအမှတ်ပြုပြီး ခေတ်ကာလအခြေအနေအား ထင်ဟပ်သည့် ဆောင်ပုဒ်အသီးသီးဖြင့် နှစ်စဉ်ကျင်းပလျက်ရှိရာတွင် ယခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ ဆောင်ပုဒ်အဖြစ် **"စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့်ဖော်ဆောင်ပေး"** ဖြစ်ပါကြောင်း၊ လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖြစ်သည်နှင့်အညီ အနာဂတ်ကြယ်ပွင့်ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပြီး လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား တာဝန်ရှိသူများ အပါအဝင် မျိုးဆက်သစ်၊ မျိုးဆက်ဟောင်းများ၏ စုစည်းညီညွတ်မှု စွမ်းအားဖြင့် ဘက်ပေါင်းစုံမှဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအားလည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်က ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် စကားရည်လုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအားလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မုံရွာစီးပွားရေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများနှင့် မသန်စွမ်းလူငယ်တစ်ဦးတို့က တိုင်းရင်းသားစည်းလုံးညီညွတ်မှုအား ဖော်ဆောင်ထားသည့် တေးသီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်လှုပ်ရှားမှု Video Clip ကို ကြည့်ရှုအားပေးပြီး ပြခန်းများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နိုင်ငံအလိုက် တောင်ပင်လယ်ပုလဲ ထုတ်လုပ်မှုဆိုင်ရာအချက်အလက်များ၊ မြန်မာ့ပုလဲများထုတ်လုပ်မှု၊ ရောင်းချနိုင်မှုနှင့် ၂၀၂၄ ခုနှစ်၊ (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲအခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဩဂုတ် ၁၂**

(၁၄၂)ကြိမ်မြောက်မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်တွင်းပြည်ပမှ ပုလဲလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဗီဒီယိုမှတ်တမ်းကြည့်ရှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံအလိုက် တောင်ပင်လယ်ပုလဲထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များ၊ မြန်မာ့ပုလဲများထုတ်လုပ်မှု၊ ရောင်းချနိုင်မှုနှင့် ၂၀၂၄ ခုနှစ်၊ (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ် ပုလဲရောင်းချပွဲ အခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲ ရောင်းချပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် ပုလဲအတွဲများနှင့် ပုဂ္ဂလိက ကျောက်မျက်ရတနာအချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုကြရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများနှင့် ပုဂ္ဂလိကကျောက်မျက်ရတနာ အချောထည်အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများနှင့် ပုဂ္ဂလိကကျောက်မျက်ရတနာ အချောထည်အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုစဉ်။

**ခင်းကျင်းပြသ**

(၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ် ပုလဲရောင်းချပွဲကို ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ တောင်ပင်လယ်ပုလဲ အလုံးပေါင်း ၁၇၅၀၀၀၊ အတွဲ ၇၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်သည်။

အဆိုပါ (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ် ပုလဲရောင်းချပွဲ၌ ဩဂုတ် ၁၃ ရက်တွင် တင်ဒါအမှတ်(၁) ဖြစ်သည့် ပုလဲအတွဲအမှတ် (၀၀၁) မှ (၁၁၅)တွဲအထိ ပုလဲအတွဲ (၁၁၅) တွဲနှင့် တင်ဒါအမှတ်(၂)ဖြစ်သည့် ပုလဲအတွဲအမှတ်(၁၁၆)မှ အတွဲ(၂၃၀)အထိ ပုလဲအတွဲ(၁၁၅)တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် တင်ဒါအမှတ် (၃)ဖြစ်သည့် ပုလဲအတွဲအမှတ်(၂၃၁) မှ (၃၄၅)တွဲအထိ ပုလဲအတွဲ (၁၁၅) တွဲနှင့် တင်ဒါအမှတ် (၄)ဖြစ်သည့် ပုလဲအတွဲအမှတ် (၃၄၆) မှ (၄၆၀) အထိ ပုလဲအတွဲ (၁၁၅)တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ဩဂုတ် ၁၅ ရက်တွင် တင်ဒါအမှတ်(၅)ဖြစ်သည့် ပုလဲအတွဲအမှတ်(၄၆၁)မှ (၅၈၀)အထိ ပုလဲအတွဲ (၁၂၀) တွဲနှင့် တင်ဒါအမှတ် (၆) ဖြစ်သည့် ပုလဲအတွဲအမှတ် (၅၈၁) မှ (၇၀၀) အထိ ပုလဲအတွဲ (၁၂၀) တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်သံအမတ်ကြီး မစ္စတာ မူဘာရက်(ခ်) အမ်အေအလက်ဝါနီကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၂**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်သံအမတ်ကြီး မစ္စတာ မူဘာရက်(ခ်) အမ်အေအလက်ဝါနီ ကို ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကူဝိတ်သံအမတ်ကြီးကို မြန်မာနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် ဆောင်ရွက်နိုင်ခဲ့ခြင်းများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာ–ကူဝိတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးပိုမိုမြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ဆောင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ညှိနှိုင်းခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ဝေလင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် အလှူရှင်များက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငွေကျပ် နှစ်ဆယ့်တစ်သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး **(အောက်ပုံ)** ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ စားသောက်ဖွယ်ရာများအား ရှေ့တန်းစစ်မျက်နှာ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှပ်ရှပ်ချွံချွံတာဝန်ထမ်းလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပျဉ်းမနားမြို့နယ်၌ ဆေးကုမ္ပဏီများက ဆေးဝါးများတိုက်ရိုက်ရောင်းချပေးနေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၁၂**

ဆေးဝါးဈေးနှုန်းတည်ငြိမ်စေရေးနှင့် ပြတ်လပ်မှုမရှိစေရန် ရည်ရွယ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ နေပြည်တော်ကောင်စီ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက ဦးဆောင်ကာ ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများအတွက် ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ကြည့်ရှုအားပေးစဉ် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းကြိုင်နှင့် တာဝန်ရှိသူများက ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများအတွက် ဆေးဝါးများ တိုက်ရိုက်ရောင်းချပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါဆေးကုမ္ပဏီများမှသုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲတွင် ဆေးကုမ္ပဏီ ၃၇ ခုဖြင့် ဩဂုတ် ၁၂ ရက်မှ ၁၇ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ နေ့စဉ် ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ် လှည့်လည်လေ့လာ



**နေပြည်တော် ဩဂုတ် ၁၂**

၂၀၂၃–၂၀၂၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၀ နှင့် အုပ်ချုပ်သူများကို နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ် စေလွှတ်ခဲ့ရာ ယမန်နေ့နံနက်ပိုင်းက ထိုင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် စင်ကာပူနိုင်ငံသို့ ရောက်ရှိပြီး စင်ကာပူနိုင်ငံ သံရုံးယာယီတာဝန်ခံ ဦးဇော်ဇော်စိုး၊ သံမှူးကြီး ဒေါ်စံရာရွှေကိုးနှင့် သံရုံးဝန်ထမ်းများက ချန်ဂီလေဆိပ်၌ ကြိုဆိုကြသည်။

လေ့လာရေးအဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် ချန်ဂီလေဆိပ်မှ Jellicoe လမ်းရှိ တည်းခိုမည့် V Hotel Lavender သို့ ရောက်ရှိပြီး Food Court တွင် နေ့လယ်စာ သုံးဆောင်ကြသည်။

ညနေပိုင်းတွင် ထူးချွန် ကျောင်းသားကျောင်းသူများသည် စင်ကာပူနိုင်ငံ မြန်မာသံရုံးသို့ ရောက်ရှိ၍ သံရုံးဝင်းအတွင်း Pho Leng Lion Dance ခြင်္သေ့အကဖြင့် ကြိုဆိုပြီး သံရုံးယာယီတာဝန်ခံ ဦးဇော်ဇော်စိုးက ခရီးစဉ်နှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားကာ သံရုံးက တည်ခင်းသည့် ညစာကို သုံးဆောင်ကြသည်။ ညပိုင်းတွင် လေ့လာရေးအဖွဲ့သည် Tangling MRT ဘူတာ မှ Ruffles Place MRT သို့ ရထားစီး၍ Merlion Park သို့ သွားရောက်ကာ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်မည့် မစ္စ ကောင်းဖျင်က ၎င်း၏ ခန့်အပ်လွှာလာရောက်ပေးအပ်



**နေပြည်တော် ဩဂုတ် ၁၂**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်မည့် မစ္စ ကောင်းဖျင် (Ms. Gao Ping) က ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ ခန့်အပ်လွှာကို လာရောက်ပေးအပ်သည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ တူးဖော်ပြုပြင်ထိန်းသိမ်းမှုနှင့် ရှေးဟောင်းအဆောက်အအုံများပြုပြင်ထိန်းသိမ်းမှု လှည့်လည်စစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ တူးဖော်ပြုပြင်ထိန်းသိမ်းခြင်း၊ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ဦးစွာ ဒုတိယဝန်ကြီးသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဆောင်ရွက်ခဲ့သည့် ခရေလောကန်၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် သမ္ဗူလကန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်ခဲ့သည့် ကန်သစ်ကန် (ပြာသာဒ်ကန်)တို့သို့ သွားရောက်၍ ရှေးဟောင်းရေကန်များ ဆယ်ယူထိန်းသိမ်းမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ရေလမ်းကြောင်း အမှတ်-၁ ရှိ ရေမြောင်းများ ပြန်လည်ဆယ်ယူထိန်းသိမ်းထားမှု၊ နန္ဒာကန်တူးဖော်ဆယ်ယူပြီးစီးမှုနှင့် အကာအရံဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေး၍ နန္ဒာကန်၏ အကာအရံဆောင်ရွက်ထားမှုကို အာနန္ဒာဘုရားဂေါပကအဖွဲ့က ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ထို့နောက် ပုဂံမြို့ဟောင်း အရှေ့ဘက်ကျုံးတူးဖော်မှုနှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်မည့် မြောက်ဘက်ကျုံးတူးဖော်ရန် နေရာကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ စနစ်တကျတူးဖော်သုတေသနပြုမှတ်တမ်းထားရှိနိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အာနန္ဒာဘုရားအား ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှာကြားချက်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ အပြင်လိုဏ်ပတ်လမ်းပတ်လည်ရှိ ဗုဒ္ဓဝင်ဇာတ်တော်များ၏ Caption များတွင် အင်္ဂလိပ်ဘာသာဖြင့်ပါ ရေးသားရန်၊ မြန်မာဘာသာ Cap Board ကို အနုလက်ရာ လှပသေသပ်စွာ ပြုလုပ်ရန်၊ ဗုဒ္ဓခြေတော်ရာပေါ်တွင် အလှူငွေတင်လှူမှုများ မပြုစေရေးနှင့် အလှူခံပုံး သီးသန့်ထားရှိ ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံအစိုးရအကူအညီဖြင့် Archaeological Survey of INDIA (ASI) အဖွဲ့မှ ပြုပြင်ထိန်းသိမ်းလျက်ရှိသည့် ရှေးဟောင်းအဆောက်အအုံအမှတ် (၁၇၉၁) ရွှေဟောင်းကြီးဘုရားတွင် နံရံပန်းချီပိုင်းနှင့် အဆောက်အအုံကြံ့ခိုင်မှုဆိုင်ရာ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများနှင့် ပတ်သက်၍ အိန္ဒိယပညာရှင်အဖွဲ့က အသေးစိတ်ရှင်းလင်းတင်ပြရာ လက်ရာကောင်းကောင်းဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဌာနကပါ ပူးပေါင်းဆောင်ရွက်ရန်နှင့် အိန္ဒိယအဖွဲ့၏ ပညာရပ်ဆိုင်ရာများပါ ရရှိအောင် လေ့လာရန် မှာကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ရွှေဟောင်းကြီးကန်၊ ရေတော်မုနိကန် တူးဖော်ဆယ်ယူမှုကို ကြည့်ရှုစစ်ဆေးပြီး စိစစ်အကြံပြုချက်များနှင့်အညီ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ်၊ (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ် ပုလဲရောင်းချပွဲ စတင်ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၂**

၂၀၂၄ ခုနှစ်၊ (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ် ပုလဲရောင်းချပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပပြီး ပုလဲအတွဲပေါင်း ၇၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။

အဆိုပါ ပုလဲရောင်းချပွဲတွင် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် နံနက်ပိုင်းမှစတင်၍ မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။ **(ဝဲပုံ)**

ထို့နောက် ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဩဂုတ် ၁၃ ရက်တွင် ရောင်းချမည့် ပုလဲအတွဲများအတွက် ဈေးနှုန်း အဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

၂၀၂၄ ခုနှစ်၊ မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲတွင် ပုလဲအလုံးပေါင်း ၁၇၅၀၀၀၊ ပုလဲအတွဲပေါင်း ၇၀၀ ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ဩဂုတ် ၁၅ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ဩဂုတ် ၁၃ ရက်တွင် ပုလဲအတွဲပေါင်း၂၃၀၊ ဩဂုတ် ၁၄ ရက်တွင် ပုလဲအတွဲပေါင်း ၂၃၀ နှင့် ဩဂုတ် ၁၅ ရက်တွင် ပုလဲအတွဲပေါင်း ၂၄၀ တို့ကို ပြည်တွင်း ပြည်ပရတနာကုန်သည်များအား အမေရိကန်ဒေါ်လာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အပျော်စီးသင်္ဘောသားများအတွက် လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာ အခမဲ့သင်တန်းအမှတ်စဉ်(၃) ဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်က ကြီးမှူး၍ အပျော်စီးသင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ကြမည့် သင်္ဘောသားများအတွက် လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ အခမဲ့သင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်ရုံး၌ ပြုလုပ်သည်။

အဆိုပါ လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာအခမဲ့သင်တန်းကို ဆရာမဒေါ်ချိုချိုပြုံးက သင်တန်းသား ၃၉ ဦးတို့ကို ရှစ်ရက်ကြာ သင်ကြားပို့ချမည်ဖြစ်သည်။ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန် စိုးမင်းအောင်က "ကမ္ဘာ့ကုန်သွယ်ရေးရဲ့ ၉၀ ရာခိုင်နှုန်းက သင်္ဘောနဲ့ ပို့ဆောင်ကြတယ်။ ကုန်တင်ကုန်ချ၊ လုံခြုံရေး၊ လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်ကဏ္ဍတို့မှာ လူများနဲ့ ပြောဆိုဆက်ဆံရာမှာ အင်္ဂလိပ်စာ နားလည်ရမယ်။ လူငယ်များအားလုံး ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်ထားရမယ် "ဟု ပြောကြားသည်။

နိုင်ငံတကာအပျော်စီး သင်္ဘောကြီးများတွင် ခရီးသည် ခုနစ်ထောင်ခန့် လိုက်ပါပြီး သင်္ဘောသား(ဝန်ထမ်း) ဦးရေမှာ နှစ်ထောင်ခန့်ရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**



မောင်ဖိုးပြုံး



မမူမူစိုး



မောင်ဒယ်နီယယ်မျိုးထွန်း



မောင်ရဲဝင်းလှိုင်

# လူငယ်ပွဲတော်မှာ တက်ကြွပျော်ရွှင်နေတဲ့ လူငယ်တွေ များစွာတွေ့ခဲ့ရတဲ့အတွက် နိုင်ငံတော်အတွက် အားတက်မိပါတယ်

*မောင်ဒယ်နီယယ်မျိုးထွန်း(ဆုရထူးချွန်လူငယ်)*

နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များ၏ အရေးပါသော အခန်းကဏ္ဍကို အသိအမှတ်ပြုသည့်အနေဖြင့်လည်းကောင်း၊ လူငယ်များ၏ အခွင့်အရေးများ အပြည့်အဝဖော်ဆောင်ပေးနိုင်ရေးအတွက် လည်းကောင်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ၌ နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ လူငယ်ကိုယ်စားလှယ်များနှင့် နယ်ပယ်ပေါင်းစုံမှ လူငယ်ကိုယ်စားလှယ်များ စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြရာ ၎င်းတို့နှင့် တွေ့ဆုံ၍ ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်အများအပြား မွေးထုတ်ပေးစေလိုသည့် အခြေအနေများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလိုသည့် လူငယ်များ၏ သဘောထားအမြင်များကို တွေ့ဆုံမေးမြန်းမှုဝေပေးလိုက်ရပါသည်။

**မောင်ဖိုးပြုံး**
**(ကယားပြည်နယ်လူငယ်ကိုယ်စားလှယ်)**

လူငယ်တွေအားတက်စေမယ့် အခမ်းအနား၊ ပွဲတော်တွေကို ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ချင်ခဲ့တာ ကြာပါပြီ။ ဒါကြောင့် လူငယ်တွေကို အခွင့်အရေးပေးပြီး အသိပညာ၊ အတတ်ပညာတွေ မျှဝေပေးမယ့် ဒီလိုအခမ်းအနားကြီးကို တက်ရောက်ရတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ နောက်ပြီး လူငယ်ဖိုရမ်မှာလည်း ကဏ္ဍအလိုက် ကျွန်တော်တို့လို လူငယ်တွေ သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေကို ဆွေးနွေးမျှဝေသွားမယ်လို့လည်း သိရပါတယ်။ ဒီဖိုရမ်ကနေ ကျွန်တော်သိရသမျှ အကြောင်းအရာတွေကို ကျွန်တော့်ပြည်နယ်က ပြည်သူတွေကို ပြန်လည်မျှဝေပေးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ နောက်ပြီး တိုင်းရင်းသားလူငယ်တွေရဲ့ ချစ်စရာကောင်းတဲ့ ဓလေ့ထုံးစံတွေကို မြင်တွေ့လေ့လာခွင့်ရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ လူငယ်တွေဆိုတာ အနာဂတ်ရဲ့ ခေါင်းဆောင်တွေဖြစ်တဲ့အတွက် အချိန်နဲ့တစ်ပြေးညီ ကြိုးစားကြစေလိုပါတယ်။ ကိုယ်ကြိုးစားပြီးရရှိလာတဲ့ ပညာရပ်တွေကို နိုင်ငံတော်အတွက် အသုံးပြုပေးကြဖို့ကိုလည်း တိုက်တွန်းလိုပါတယ်။

**မမူမူစိုး**
**(ကချင်ပြည်နယ်လူငယ်ကိုယ်စားလှယ်)**

ကျွန်မကတော့ ကချင်ပြည်နယ်ကိုယ်စားပြုအနေနဲ့ လူငယ်ပွဲတော်ကို လာရောက်ပြီး ပါဝင်တာဖြစ်ပါတယ်။ နောက်ပြီး လူငယ်ဖိုရမ်မှာလည်း လူငယ်နှင့် ယဉ်ကျေးမှုဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အခုလို လူငယ်တွေအတွက် ဆောင်ရွက်ပေးတဲ့ ပွဲတော်မှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့အတူ ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် အင်မတန်မှကို ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီလိုအခွင့်အရေးကြီးမှာ လူငယ်တွေအတွက် အကျိုးရှိစေမယ့် အကြောင်းအရာတွေကို လူငယ်တွေ အချင်းချင်း ဆွေးနွေးမျှဝေသွားမှာ ဖြစ်ပါတယ်။ ပွဲတော်ပြီးလို့ ကျွန်မတို့ ပြည်နယ်ကို ပြန်ရောက်တဲ့အခါကျရင်လည်း ပွဲတော်ကရရှိခဲ့တဲ့ အသိပညာဗဟုသုတတွေကို ပြန်လည်မျှဝေပေးသွားမယ်လို့ ရည်ရွယ်ထားပါတယ်။ လူငယ်တွေအနေနဲ့လည်း ကြိုးစားကြပါ။ ကြိုးစားသလောက် ထိုက်တန်တဲ့ရလဒ် ပြန်လည်ရရှိလာမှာ ဖြစ်ပါတယ်။

**မောင်ဒယ်နီယယ်မျိုးထွန်း**
**(ဆုရထူးချွန်လူငယ်)**

ကျွန်တော်ကတော့ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့မှာကျင်းပတဲ့ International Medical Biochemist Competition ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရရှိခဲ့တာ ဖြစ်ပါတယ်။ ပြိုင်ပွဲမှာဆိုရင် နိုင်ငံတကာက လူငယ်တွေကို တွေ့ခဲ့ရတယ်။ သူတို့ ဘယ်လောက်ထိ စိတ်အားထက်သန်တယ်၊ သူတို့ဘယ်လောက်ထိကြိုးစားနေတယ်ဆိုတာကို တွေ့ခဲ့ရတယ်။ အခု ကျွန်တော်တို့နိုင်ငံမှာပြုလုပ်တဲ့ လူငယ်ပွဲတော်မှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက တက်ကြွပျော်ရွှင်နေတဲ့ လူငယ်တွေကို များစွာတွေ့ခဲ့ရတဲ့အတွက် နိုင်ငံအတွက် အားတက်မိပါတယ်။ ဒီလိုပွဲတော်မှာ ကျွန်တော် ဆုချီးမြှင့်ခံရတဲ့အတွက်လည်း ဂုဏ်ယူမိတယ်။ နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်ဟာ လူငယ်တွေ လက်ထဲမှာ ရှိနေပါတယ်။ ဒါကြောင့် လူငယ်တွေ အသိပညာ၊ အတတ်ပညာနဲ့မှန်ကန်တဲ့ တွေးခေါ်မှုတွေရှိစေဖို့ အဆင့်မြင့်ပညာရပ်တွေ သင်ကြားပေးဖို့လိုပါတယ်။ ဒီလိုသင်ကြားပေးဖို့ကိုလည်း နိုင်ငံတော်တာဝန်ရှိသူတွေက ဆောင်ရွက်ပေးနေတာကိုလည်း မြင်တွေ့နေရပါပြီ။ ဒါကြောင့် လူငယ်တွေအနေနဲ့ ကြိုးစားပြီး မိမိနိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းကနေ ပူးပေါင်းပါဝင်ပေးကြစေလိုပါတယ်။

**မောင်ရဲဝင်းလှိုင်(ရန်ကုန်တိုင်းဒေသကြီး လူငယ်ကိုယ်စားလှယ်)**

ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးကို ကိုယ်စားပြုပြီး အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ လူငယ်ဖိုရမ်မှာ ကဏ္ဍသုံးခုဖြစ်တဲ့ ယဉ်ကျေးမှုကဏ္ဍ၊ နည်းပညာကဏ္ဍနဲ့ စီးပွားရေးကဏ္ဍတွေကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကဏ္ဍသုံးခုထဲက ယဉ်ကျေးမှုကဏ္ဍကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အခုလို လူငယ်ဖိုရမ်တွေ ကျင်းပပေးတဲ့အတွက် လူငယ်တွေဖြစ်ချင်တဲ့ လိုလားချက်ရလဒ်တွေ ထွက်ပေါ်လာမယ်လို့ မျှော်မှန်းထားပါတယ်။ ဖိုရမ်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်က လူငယ်တွေအားလုံးနဲ့ တွေ့ဆုံ ခွင့်ရတဲ့အတွက်လည်း အင်မတန်ဝမ်းသာမိပါတယ်။

**တွေ့ဆုံမေးမြန်း – တက်သစ်စ**
**ဓာတ်ပုံ – လုလင်ငယ်**

## ကချင်ပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်အဖွဲ့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်-တပ်ကုန်းတွင် လာရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၁၂**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားနှင့် လူငယ်ဖိုရမ်သို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေကြသည့် ကချင်ပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၂ ရက် (ယနေ့) ညနေ ၅ နာရီတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်-တပ်ကုန်းတွင် လာရောက်လေ့လာကြသည်။

ရှေးဦးစွာ Auditorium ခန်းမ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများက **"အားလုံးချစ်သည် MRTV"** တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကချင်ပြည်နယ်ကိုယ်စားပြုလူငယ်အဖွဲ့က **"မမေ့နိုင်တဲ့မြေ"** တေးသီချင်းဖြင့် ပြန်လည်ကပြဖျော်ဖြေတင်ဆက်ပြီး ရိုက်ကူးရေးဆောင်ရွက်သည်။ ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ကချင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်း၊ စာရေးဆရာ ဦးဇော်ဝင်းအောင် (အကြီးကိုကို-ကသာ) နှင့် မြန်မာစာပါမောက္ခ ဒေါက်တာစန္ဒာလွင်တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ရာ ကချင်ပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်အဖွဲ့ကလည်း အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကချင်ပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်အဖွဲ့သည် MRTV News Channel နှင့် Farmer's Channel တို့၏ သတင်းထုတ်လွှင့်ခန်းများတွင်လည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ စိန်ရတုပြတိုက်တွင်လည်းကောင်း၊ ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်းနှင့် အဆိုပါကချင်ပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော် – တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်သူအင်အား ပြည့်အားမာန်ဖြင့် တရားသောစစ် အောင်နိုင်ရာ

*မျိုးချစ်ပြည်သူတစ်ဦး*

၅-၈-၂၀၂၄ ရက်နေ့က ပြောကြားတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ၂၅ မိနစ်ကြာ မိန့်ခွန်းမှာ တစ်နိုင်ငံလုံးရဲ့ လက်ရှိလုံခြုံရေးအခြေအနေကို သံတမန်ဆန်ဆန်နဲ့ လွှမ်းခြုံပြောသွားတဲ့ စကားက ရှင်းပါတယ်။ ခွဲခြမ်းစိတ်ဖြာတတ်ရင် ဘာကိုဆိုလိုသလဲဆိုတာ ရှင်းပါလိမ့်မယ်။

မြန်မာပြည်ကြီး တည်ငြိမ်အေးချမ်းဖို့ လုပ်သင့်လုပ်ထိုက်တာကို လုပ်မယ်ဆိုတော့ ယခင်က လုပ်သင့်သော်လည်း အရာရာအကြောင်းကြောင်း ထောက်ဆပြီး အင်အားအလွန်အကျွံမသုံးမိအောင် သည်းခံခဲ့ရတာ၊ စိတ်ရှည်ခဲ့ရတာ၊ ညှာတာခဲ့ရတာ အားလုံးကို နားလည်စေချင်တယ်။ ဒါပေမဲ့ ပေးဆပ်ခဲ့ရတဲ့ လူသားတန်ဖိုး၊ ပစ္စည်းဥစ္စာတန်ဖိုးတွေနဲ့ နှိုင်းရရင်တော့ ပြည်သူတစ်ယောက် အမြင်အရ မတန်ဘူးပေါ့။ မီဒီယာအင်အား၊ လူလက်နက်အင်အား၊ ဒရုန်း EW လို နည်းပညာသာလွန် အင်အားအဆမတန်နဲ့ မူးယစ်ဆေးသုံးပြီး ပြည်ပအားကိုး လူသားစားဇွန်ဘီတွေလို ရက်လရှည်ကြာ တိုက်နေကြတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားအင်အားစုတွေကြားမှာ ဘာမဆို သတိကြီးစွာထားပြီး လုပ်နေရတဲ့ အနေအထားကို မှန်းဆမိပါတယ်။

**ဘုံရန်သူလို သဘောထား**
**တည်ငြိမ်အေးချမ်းအောင် လုပ်မယ့်ကတိ**

ပြောကြားခဲ့တဲ့မိန့်ခွန်းအရ တိုင်းပြည်ကို စုတ်ပြတ်ထွက်သွားအောင် လုပ်နေတဲ့ အဖျက်သမားကို ဘုံရန်သူလို သတ်မှတ်ပြီး ချေမှုန်းရတော့မယ့် အဓိပ္ပာယ်ကို ပြည်သူအများစုက ဖော်ထုတ်တတ်နေပါပြီ။ နယ်စွန်နယ်စပ်အဖျားပိုင်း EAO နယ်မြေတွေမှာ လက်နက်ထုတ်စက်ရုံတွေ ရှိနေတာသိနေပါတယ်။ ပြည်ပအထောက်အပံ့ရယူပြီး ယခုလို တိုက်ခိုက်နေမှုအပေါ်မှာ လက်သင့်ခံမှာ မဟုတ်ဘူး။ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိသည်အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတဲ့ ကတိစကားဟာ ပြည်သူလူထုအတွက် အလွန်ပဲ အားတက်စရာဖြစ်ပါတယ်။

စေတနာမမှန်တဲ့ နောက်ကွယ်က ပြည်ပအထောက်အပံ့များကို ခပ်ရေးရေး လှစ်ဟခြင်းက ကိုယ်စားပြုပရောက်စီ proxy စစ်ပွဲတစ်ခုနှယ် မပြောရုံတစ်မယ်ပါ။ အိမ်နီးချင်း အချင်းချင်းသွေးကွဲအောင် အဝေးက ရန်သူတွေရဲ့ ယုတ်မာမှု၊ အိမ်နီးချင်းမပီသဘဲ ပထွေးအားကိုး နောက်ကျောဓားထိုးပြီး မြန်မာနယ်မြေကို သိမ်းပိုက်ချင်နေတဲ့ အမျိုးယုတ်တို့ရဲ့ မိတ်ဆွေမပီသမှု ဖိအားမျိုးစုံနဲ့ ဘက်ပေါင်းစုံ ရင်ဆိုင်နေရတဲ့နိုင်ငံမှာ... အရှေ့အနောက် တောင်မြောက် စစ်မျက်နှာစုံ ဖွင့်နေရတဲ့ ထိုနိုင်ငံရဲ့ တပ်မတော်ကြီးကို နားလည်နိုင်အောင် ကြိုးစားရပါမယ်၊ မိမိရဲ့အတ္တကွက်ကွက်လေးကြည့်ပြီး မိမိရဲ့လုံခြုံရေး၊ မိမိ ပတ်ဝန်းကျင်၊ မိမိလူ့အဖွဲ့အစည်း ထိခိုက်သွားလောက်အောင် မိုက်တွင်းမနက်ကြပါနဲ့၊ ပညာမမဲ့ကြပါနဲ့လို့လည်း အနောက် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံက လူအုပ်စုကြီးရဲ့ အဖြစ်အပျက်ကိုကြည့်ပြီး သတိပေးချင်တယ်။

ဆိုလိုတာက ကမ္ဘာကြီးမှာ စစ်ရိပ်စစ်ငွေ့သန်းနေမှုက ယခင်နဲ့မတူအောင်ကို ပြင်းထန်လွန်းနေပြီး ပထဝီနိုင်ငံရေး အလှည့်အပြောင်းက မြန်ဆန်နေတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေ အထူးသတိရှိကြဖို့ပါ။ အမြဲတမ်းရန်သူ၊ အမြဲတမ်းမိတ်ဆွေဆိုတာ မရှိဘူးပေါ့။ ကမ္ဘာမီးလောင် သားကောင်ချနင်းမယ့်သူတွေ၊ တောမီးလောင်တောကြောင် လက်ခမောင်းခတ်မယ့်သူတွေ မိမိပတ်ဝန်းကျင်မှာ အသင့်ရှိနေတယ်၊ မြင်အောင်ကြည့်ရမယ်။ အရေးကြီး သွေးစည်းမယ့်သူက ယခုအချိန်မှာ အလွန့်အလွန် နည်းသွားပါပြီ။ ကိုယ်ကျိုးရှာမယ့်သူချည်း၊ အမြတ်ထုတ်မယ့်သူတွေချည်း၊ မိမိကိုဒုက္ခပေးမယ့်သူချည်း အများစု တွေ့နေရတယ်၊ သတိထားနိုင်အောင်ပါ။

> ❖ **အစိုးရအဆောက်အဦးတွေ၊ လူနေအိမ်တွေ၊ ပြည်သူပိုင်ဥစ္စာပစ္စည်းတွေ ဘာသာရေးအဆောက်အဦးတွေ၊ တပ်မတော်ဆေးရုံတွေ အကြမ်းဖက်တိုက်ခိုက်ပစ်မှတ်ထား ဖျက်ဆီးခံနေရခြင်းကို မချိအောင် နာတတ်ရမယ်။ အပြစ်မဲ့ပြည်သူတွေကို အစုလိုက် အပြုံလိုက် ရက်ရက်စက်စက် သတ်ဖြတ်နေကြတာ ဘယ်လိုပြည်သူမျိုးက ခံစားလို့ရနိုင်ပါ့မလဲ။ လက်ရှိအခြေအနေဟာ တပ်မတော်နဲ့ ပြည်သူ ပူးပေါင်းလက်တွဲရင်ဆိုင်မှသာရမယ့် အခြေအနေဖြစ်တယ်။ အလွန်အရေးကြီးတဲ့အတွက် ပိုပြီး နီးနီးစပ်စပ် ပူးပေါင်းလက်တွဲရမယ့် အခြေအနေပါ။ မသင့်မြတ်သူချင်း ပြန်လည်သင့်မြတ်ရမယ့် အချိန်လည်း ရောက်နေပါပြီလို့ သတိပေးပါရစေ။**
>
> ❖ **ယခုအချိန်မှာပြည်သူရဲ့ လိုလားချက်က တပ်မတော်ဘက်က ယခုထက်ပိုပြီး ပြတ်သားပြစေချင်တာပဲ။ တိုင်းပြည်မအေးချမ်းခြင်းရဲ့အဓိကတရားခံတွေဖြစ်တဲ့ အတွင်းလောက် အပြင်သစ္စာဖောက် အကုန်ချေမှုန်းစေချင်ကြတယ်။ နိုင်ငံ့သိက္ခာ တပ်မတော်ရဲ့သိက္ခာနဲ့ဆိုင်တဲ့အတွက် မြေကျွန်ရင်တော်ပြီဆိုတဲ့ ပြည်သူတွေက သူတို့ကိုယ်တိုင် အကြမ်းဖက်အဖျက်သမားတွေကို လက်တွေ့ကျကျ ချေမှုန်းပေးဖို့ အမြစ်ဖြတ်ပေးဖို့၊ ရန်သူမီးကို ရပ်တန့်ပေးဖို့ သူတို့ကိုယ်တိုင် တောင်းဆိုနေကြပြီဖြစ်တယ်။ မြန်မာပြည်သူအားလုံးကိုယ်စား ပြည်သူတစ်ယောက်အနေနဲ့ ရန်သူကို ရှင်သန်ခွင့် မပေးစေလိုတော့ဘဲ ပြတ်ပြတ်သားသားလက်စားချေပေးပါလို့ပဲ ပြောပါရစေ။**

**နာတတ်ရမယ် အဓိကအင်အားကို ထုတ်ယူရမယ်**

အရေးကြီးဆုံးက ကိုယ့်နယ်မြေတွေ တဖြည်းဖြည်းပဲ့ပါနေတာ နာတတ်၊ စိုးရိမ်တတ်ဖို့ပဲ။ မြန်မာပိုင်နယ်မြေ၊ မြို့ရွာတွေဆိုတာ ဘယ်လူမျိုး၊ ဘယ်အုပ်စုကြီးကိုမှ ကြီးစိုးခွင့်မပြုထားပါဘူး။ ခေတ်အဆက်ဆက် တိုင်းရင်းသားလူမျိုးပေါင်းစုံက အေးအတူပူအမျှ ရောနှောနေထိုင်လာခဲ့ကြတာပါ။ ယခုအခါမှာတော့ နယ်မြေတွေကို အတင်းအဓမ္မ တိုက်ခိုက်သိမ်းပိုက်ပြီးမှ ပြန်လည်ခေါင်းထောင်လာတဲ့ စစ်ဘုရင်ဝါဒအောက်မှာ အမြင်ကျဉ်းမြောင်းစွာနဲ့ လူမျိုးအချင်းချင်း ခွဲခြားဖိနှိပ်၊ ဒေသခံတွေကို နှင်ထုတ်ပြီး အိုးမဲ့အိမ်မဲ့ဖြစ်အောင် လုပ်၊ စီးပွားပျက်၊ ဘဝပျက်နဲ့ စစ်ရှောင်ဘဝရောက်ရအောင် မီဒီယာအားကိုး၊ ပြည်ပအားကိုးနဲ့ အပြင်းအထန်လုပ်နေကြတယ်။

အစိုးရ အဆောက်အဦးတွေ၊ လူနေအိမ်တွေ၊ ပြည်သူပိုင်ဥစ္စာပစ္စည်းတွေ ဘာသာရေးအဆောက်အဦးတွေ၊ တပ်မတော်ဆေးရုံတွေ အကြမ်းဖက်တိုက်ခိုက်ပစ်မှတ်ထား ဖျက်ဆီးခံနေရခြင်းကို မချိအောင်နာတတ်ရမယ်။ အပြစ်မဲ့ပြည်သူတွေကို အစုလိုက် အပြုံလိုက် ရက်ရက်စက်စက် သတ်ဖြတ်နေကြတာ ဘယ်လိုပြည်သူမျိုးက ခံစားလို့ရနိုင်ပါ့မလဲ။ လက်ရှိအခြေအနေဟာ တပ်မတော်နဲ့ ပြည်သူပူးပေါင်း လက်တွဲရင်ဆိုင်မှသာရမယ့် အခြေအနေဖြစ်တယ်။ အလွန်အရေးကြီးတဲ့အတွက် ပိုပြီး နီးနီးစပ်စပ် ပူးပေါင်းလက်တွဲရမယ့် အခြေအနေပါ။ မသင့်မြတ်သူချင်း ပြန်လည်သင့်မြတ်ရမယ့် အချိန်လည်း ရောက်နေပါပြီလို့ သတိပေးပါရစေ။

**EAO တွေရဲ့ ကျွန်သာသာ စတေးခံသာသာ**

အဓိအင်အားက မျိုးချစ်ပြည်သူများရဲ့ စိတ်ဓာတ်ခွန်အားပဲဖြစ်တယ်။ ကြိုတင်ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုထိရောက်တယ်ဆိုတဲ့မှုအတိုင်း စစ်မီးမကူးစက်အောင်နဲ့ ပဋိပက္ခတွေ ယခုထက်ပိုပြီး မကျယ်ပြန့်အောင် လုပ်ရမယ့်တာဝန်များစွာ ရှိနေတယ်လို့မြင်တယ်။ မြို့ပြကျေးရွာတွေမှာ လူစိမ်းမဝင်နိုင်အောင်ကအစ ကြိုတင်သို့ဝှက်ထားတဲ့ လက်နက်ပုန်းတွေကို ထိထိရောက်ရောက် ဖော်ထုတ်ရှင်းလင်းရပါတော့မယ်။ မြို့ရွာ မှန်သမျှ ပြည်သူပါဝင်တဲ့ မြို့ပြကာကွယ်ရေးအစီအမံများ ဆောင်ရွက်ထားရပါမယ်။ ကာကွယ်ခြင်းနဲ့အတူ ထိရောက်တဲ့ တုံ့ပြန်မှုတွေကို ပြည်သူတွေ မြင်လိုလှပါပြီ။ ဖြစ်နိုင်ရင် အကြမ်းဖက် စစ်သွေးကြွတွေကို စစ်ရေးအရကော နိုင်ငံရေးအရပါ ထွက်ပေါက်မပေးစေချင်ပါ။ အကြမ်းဖက်တွေရဲ့ လက်နက်စက်ရုံတွေကို ဖျက်ဆီးပြီး ငွေကြေးစီးဆင်းမှုတွေကို ပိတ်ဆို့ဟန့်တားသင့်ပါတယ်။

ဗမာ pdf လူငယ်တွေအနေနဲ့လည်း စဉ်းစားစေချင်တာရှိတယ်။ pdf တွေဟာ ယခုလက်ရှိမှာ ရည်ရွယ်ချက်ချင်း မတူတဲ့ EAO တွေနဲ့ ပေါင်းပြီးတိုက်နေတာ.. ဟုတ်တယ်။ အနာဂတ်မှာ စစ်ရေးအရ သိမ်းပိုက်ပြီး နယ်မြေတွေမှာ pdf တွေ ရပ်တည်ဖို့ တိုင်းရင်းသား EAO တွေက ခွင့်ပြုပါ့မလား၊ ပါသွားတဲ့နယ်မြေတွေဟာ ကိုယ့်နယ်မြေတွေပါသွားရတာပါ.. ခေါင်းသုံးပါ၊ ကိုယ့်ဘက်က ရလိုက်တာ မဟုတ် သူတို့ရသွားတာဖြစ်တယ်၊ ငါးကြင်းဆီနဲ့ ငါးကြင်းပြန်အကြော်ခံနေရတဲ့အတိုင်းပါပဲ.။ . တွေးတတ်ရမှာဖြစ်တယ်။

EAO တွေဆီက ကိုယ်လိုချင်တဲ့ နယ်မြေရဖို့ဆိုတာ မသေချာပါဘူး။ ပေးလည်း မပေးပါဘူး။ ကိုယ့်လူမျိုး ကောင်းစားရေးတောင် မကြည့်တဲ့ စစ်ဘုရင်ခံယူထားသူတွေဟာ မင်းတို့ pdf တွေရဲ့အကျိုးကိုကော ကြည့်ပါ့မလားဆိုတာ မေးခွန်းထုတ်စရာမလိုဘူးလို့ထင်တယ်။ လက်ရှိစစ်ပွဲတွေမှာ pdf တွေဟာ အသုံးချခံပြီး ရှေ့ကနေအသေခံပြီး တိုက်ပေးနေရတဲ့အတွက် EAO တွေရဲ့ ကျွန်သဖွယ်သာသာ စတေးခံသာသာ သာဖြစ်ပါတယ်။ တကယ့် တိုက်ပွဲတွေမှာ EAO ထက် pdf တွေကသာ အသေအပျောက်လည်းများတာ ကြားသိနေရတယ်။ ဒါဟာ ဗမာတွေကိုစော်ကားနေတာ၊ ရိုးသားတဲ့ မြန်မာတိုင်းရင်းသားအားလုံးကို စော်ကားလိုက်တာပဲ၊ သူတို့အကြိမ်ကြိမ်စော်ကားနေတာ များလှပြီဖြစ်တဲ့အတွက် ခွင့်လွှတ်ဖို့ ကျေအေးဖို့ ထိုက်တန်ရဲ့လားလို့လည်း တွေးကြရမှာပါ။

**အားပေးပါဝင်ကြမယ့်**
**ပြည်သူက အသင့်ပါ**

ရန်သူဘက်က အားသာချက်တွေချည်း ပြောနေရုံနဲ့လည်းမပြီး၊ မိမိဘက်က အားနည်းချက်၊ ချို့ယွင်းချက်များကိုလည်း ရှာဖွေနိုင်ရပါမယ်။ အုပ်ချုပ်ထောက်ပံ့မှု၊ လူလက်နက်အင်အား၊ နည်းပညာ၊ ဗျူဟာပိုင်း၊ ထောက်လှမ်းမှု၊ ပြည်သူထောက်ခံမှု အားနည်းချက်/အားသာချက်ကို ရှာဖွေနိုင်ခြင်းဟာ စစ်အောင်ရာသော အကြောင်းတရားများမှာ ပါဝင်ပါတယ်။ ပြည်သူဘက်က ပါဝင်မှုအပိုင်းကိုတော့ လုံးဝစိတ်ချပါ။ စိတ်ရောကိုယ်ပါအားပေးမယ့် ပြည်သူတွေအသင့်၊ နိုင်ငံမှာမျိုးချစ်ပြည်သူတွေ သွေးမနည်းတဲ့ စစ်သည်တွေ၊ ပြည်သူ့စစ်တွေ အများကြီးရှိပါတယ်။ ရန်သူဆိုရာမှာ အတွင်းလောက်ကောင် သတင်းပေးတွေကိုပါ ထည့်တွက်ရမယ်။ သူတို့က ကိုယ့်နယ်မြေကို အကြမ်းဖက်တွေ သိမ်းလည်း ပျော်နေသူတွေ၊ လူသတ်လည်း ဝမ်းသာနေသူတွေ၊ ဘာသာသာသနာ ချိုးဖျက်ခံရလည်း ရင်ထဲကြိတ်ပျော်နေသူတွေဖြစ်တယ်။

ယခုအချိန်မှာပြည်သူရဲ့ လိုလားချက်က တပ်မတော်ဘက်က ယခုထက်ပိုပြီး ပြတ်သားပြစေချင်တာပဲ။ တိုင်းပြည်မအေးချမ်းခြင်းရဲ့ အဓိကတရားခံတွေဖြစ်တဲ့ အတွင်းလောက် အပြင်သစ္စာဖောက် အကုန်ချေမှုန်းစေချင်ကြတယ်။ နိုင်ငံ့သိက္ခာ တပ်မတော်ရဲ့သိက္ခာနဲ့ဆိုင်တဲ့အတွက် မြေကျွန်ရင်တော်ပြီဆိုတဲ့ ပြည်သူတွေက သူတို့ကိုယ်တိုင် အကြမ်းဖက်အဖျက်သမားတွေကို လက်တွေ့ကျကျ ချေမှုန်းပေးဖို့ အမြစ်ဖြတ်ပေးဖို့၊ ရန်သူမီးကို ရပ်တန့်ပေးဖို့ သူတို့ကိုယ်တိုင် တောင်းဆိုနေကြပြီဖြစ်တယ်။ မြန်မာပြည်သူအားလုံးကိုယ်စား ပြည်သူတစ်ယောက်အနေနဲ့ ရန်သူကို ရှင်သန်ခွင့် မပေးစေလိုတော့ဘဲ ပြတ်ပြတ်သားသား လက်စားချေပေးပါလို့ပဲ ပြောပါရစေ။


**အားလုံးညီညွတ်သင့်ကြပြီ**

အဓိကအချက်က နိုင်ငံပျောက်မှာ၊ လူမျိုးပျောက်မှာ အကြောက်ဆုံးမို့ ကျွန်တော်တို့ အားလုံးမတူတာတွေ ခဏဘေးချိတ်၊ အဆုံးအဖြတ်တိုက်ပွဲတွေအတွက် အားလုံးစည်းလုံးသင့်ကြပါပြီ။ ပြည်ထောင်စုကြီး မပြိုကွဲဖို့အရေး တပ်မတော်ကို ချစ်သူတွေ၊ ထောက်ခံ

စာမျက်နှာ ၁၁ သို့

# PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာမြို့နယ် မင်းကန်ကျေးရွာအနီးရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်၊ တောင်သာစွပ်ကျယ်စက်ရုံနှင့် မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီး

PDF အမည်ခံ အကြမ်းဖက်သမားများက တောင်သာမြို့နယ် မင်းကန်ကျေးရွာအနီးရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ




PDF အမည်ခံ အကြမ်းဖက်သမားများက တောင်သာမြို့နယ် မင်းကန်ကျေးရွာအနီးရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ




**နေပြည်တော် ဩဂုတ် ၁၂**

အကြမ်းဖက်သမားများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေရန်၊ ဒေသတွင်း ကုန်စည်စီးဆင်းမှုရပ်တန့်စေပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ နိုင်ငံတော်အစိုးရ၏ စီမံကိန်းလုပ်ငန်းများကို နှောင့်ယှက်တိုက်ခိုက်ခြင်း၊ ရုံးဌာနအဆောက်အဦများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကျေးရွာများအတွင်း တိုက်ပွဲများ ဖော်ဆောင်ခြင်းနှင့် Drop Bomb များ ကြဲချတိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများသည် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် မင်းကန်ကျေးရွာအနီးရှိသဘာဝဓာတ်ငွေ့ပိုက်လိုင်းအား နှောင့်ယှက်ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ပိုက်လိုင်းလုံခြုံရေးဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ တောင်ဘက်မီတာ ၃၀၀ ခန့် အကွာမှနေ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထို့ပြင် PDF အမည်ခံအကြမ်းဖက်သမားများသည် ယနေ့မွန်းလွဲပိုင်းတွင် တောင်သာမြို့၏ မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာရှိ စက်မှုဝန်ကြီးဌာနလက်အောက်ရှိ တောင်သာစွပ်ကျယ်စက်ရုံသို့ မော်တော်ဆိုင်ကယ် ခုနစ်စီးဖြင့် ရောက်ရှိလာပြီး စက်ရုံဝင်းတံခါးအား ရိုက်ချိုးဖျက်ဆီး၍ စက်ရုံအုပ်ချုပ်မှုရုံးနှင့် ရုံးပိုင်မော်တော်ယာဉ် နှစ်စီးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ယင်းနောက် စက်ရုံဝန်ထမ်းများ ပိုင်ဆိုင်သည့် မော်တော်ဆိုင်ကယ် သုံးစီးအား ယူဆောင်၍ လာရာလမ်းအတိုင်း ပြန်လည်ထွက်ပြေးသွားခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် စက်ရုံဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းပတ်ပိတ်ဆို့၍ လိုက်လံချေမှုန်း လျက်ရှိကြောင်းနှင့် တောင်သာမြို့နယ်အတွင်း လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် စိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာမြို့နယ် စွပ်ကျယ်စက်ရုံရှိ မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရစဉ်။





PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာမြို့နယ်ရှိ စွပ်ကျယ်စက်ရုံအား မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရစဉ်။





*စာမျက်နှာ ၁၀ မှ*

အားပေးသူတွေအားလုံး၊ နိုင်ငံကို ချစ်သူ၊ အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးသူတွေအားလုံး စုစည်းသင့်ပါပြီ။ မြန်မာတို့ရဲ့အင်အားက အဓိကညီညွတ်မှုပါ။ မြန်မာတို့ရဲ့ အမှန်တကယ် ညီညွတ်မှုကို ကျူးကျော်သူတွေ ကြောက်ပါတယ်။

နိုင်ငံကို မတည်မငြိမ်ဖြစ်အောင် လုပ်နေတဲ့ ဘုံရန်သူက ဘယ်သူလဲ၊ တပ်မတော်က သိရှိသလို ပြည်သူကလည်း နားလည်နေပါပြီ။ မတရားကျူးကျော်စစ်ကို ခုခံရင်ဆိုင်ရတဲ့အတွက် ဒီစစ်ပွဲက နိုင်ငံနဲ့ပြည်သူအတွက်တော့ တရားသောစစ်ဖြစ်တယ်၊ ကိုယ့်အမှားမဟုတ်၊ သူ့အမှားသာဖြစ်ပါတယ်။ ဒါကြောင့် မျိုးချစ်စိတ်ဓာတ်အပြည့်နဲ့ အကြမ်းဖက်သမားများနဲ့ အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ကြပါ။ ကန့်ကွက်ရှုတ်ချကြပါ။ စစ်ကို နိုင်အောင်တိုက်ဖို့က အဓိကဖြစ်တဲ့အတွက် မကြောက်ပါနဲ့၊ ပြန်တိုက်ရပါမယ်။ ပြည်သူတွေရဲ့ စိုးရိမ်စိတ်၊ ကြောက်စိတ်ကို လက်လွှတ်လိုက်ရတဲ့ နယ်မြေတွေကို ပြန်လည်သိမ်းပိုက်ရယူခြင်းဖြင့် ဖြေဖျောက်ပေးမယ်လို့ ယုံကြည်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ မထိုက်တန်တဲ့ ဒီရန်သူ၊ ဒီလိုအဖျက်သမားတွေအတွက် ငြိမ်းချမ်းရေးဟာ စာရွက်ပေါ်မှာ မရှိဘူး၊ အပေးအယူထက် ရာဇသံပေးမှရမယ်လို့ ယူဆတယ်။

ငြိမ်းချမ်းရေးကို အင်အားနဲ့ ဖြေရှင်းမှသာ ရမယ်လို့ထင်ရင်တော့ ကျွန်တော်တို့ဘက်က စစ်မှန်တဲ့ ငြိမ်းချမ်းရေးလိုလားတဲ့ ရှိပြီးသားပြည်သူ့အင်အားကို အဓိကရယူရမှာပဲဖြစ်တယ်။ စစ်မှန်တဲ့ အင်အားဆိုတာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ဘာသာသာသနာကို ဆတ်ဆတ်ထိမခံ၊ ချစ်မြတ်နိုးစိတ်ရှိတဲ့ ပြည်သူစစ်စစ်တို့ရဲ့ အင်အားပဲ။ သူတို့တွေဟာ ပြည်ထောင်စုကြီး ပဲ့ပါမသွားဖို့၊ တိုင်းရင်းသားတွေချိုးနှိမ်မခံရဖို့၊ အချုပ်အခြာတည်မြဲဖို့ လိုအပ်ရင် လက်နက်ကိုင်စွဲခုခံတိုက်ခိုက်သွားဖို့ အသင့်ရှိနေကြပါတယ်။

အနှစ်အားဖြင့်တော့ တပ်မတော်နဲ့ စစ်သားစိတ်ရှိတဲ့ ပြည်သူအကြား အပြန်အလှန် ယုံကြည်မှုရှိနေဖို့ပါပဲ။ ယနေ့အခြေအနေကို မခံစားနိုင်တော့တဲ့ ပြည်သူတွေ များလှပြီဖြစ်တဲ့အတွက် ဒုက္ခရောက်နေသူ မိမိတို့ပြည်သူများကို စာနာနားလည်ပြီး တပ်မတော်က ခင်းထားတဲ့ အမျိုးသား ရင်ကြားစေ့ရေးလမ်းကြောင်းမှာ အမြန်ပူးပေါင်းပါဝင်ပေးပါလို့ တောင်းဆိုချင်ပါတယ်။ ငြိမ်းချမ်းရေး အမြန်ရဖို့၊ သွေးချောင်းစီးတာတွေ ရပ်တန့်ဖို့ ဆောင်ရွက်မှုနည်းလမ်းမှန်သမျှမှာလည်း ကျန်ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပေးကြပါ။ တကယ်တမ်းဘယ်နေရာမဆို ပြည်သူမပါတဲ့ အောင်ပွဲဆိုတာ မရှိနိုင်ပါဘူး။ တစ်လူလူလွင့်နေတဲ့ မြန်မာနိုင်ငံတော်အလံ ပြန်လည်မြင်ချင်နေပါပြီ။ ဒါကြောင့် ယခုဆင်နွှဲနေတဲ့ တရားသောစစ်သည်လည်း ပြည်သူက အမှန်ပါဝင်အားပေးလာပြီဖြစ်တဲ့အတွက် အမြန်မုချအောင်မြင်ရမည်ဟုသာ ပြည်သူတစ်ဦးအနေနဲ့ ယုံကြည်မိပါတော့တယ်။ ။

# KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမော်မြို့အတွင်း ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် သံဃာတော်နှစ်ပါး ပျံလွန်တော်မူခဲ့ပြီး သံဃာတော်သုံးပါး၊ ကိုရင်သုံးပါးနှင့် အပြစ်မဲ့ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဩဂုတ် ၁၂**

ကချင်ပြည်နယ် ဗန်းမော်မြို့ မြို့မရပ်ကွက်ရှိ ဓမ္မပါလ လယ်ပေါ်ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းသို့ ယနေ့မွန်းလွဲပိုင်းတွင် KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံး တစ်လုံး ကျရောက်ပေါက်ကွဲမှုကြောင့် အဆိုပါ ကျောင်းတိုက်အတွင်း သီတင်းသုံးနေသည့် သံဃာတော်နှစ်ပါး ဖုံးစထိမှန်၍ ပျံလွန်တော်မူခဲ့ပြီး သံဃာတော် သုံးပါး၊ ကိုရင် သုံးပါးနှင့် အပြစ်မဲ့ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများသည် ဗန်းမော်မြို့နယ်အတွင်း စစ်ရေးပစ်မှတ်မဟုတ်သည့် ဌာနဆိုင်ရာအဆောက်အဦနှင့် လူနေအိမ်များအား လက်နက်ကြီးများ၊ ရှော့တိုက်ဒုံးများဖြင့် အဝေးမှနေ၍ ပစ်ခတ်တိုက်ခိုက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁၂ နာရီခန့်တွင် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံးတစ်လုံးသည် မြို့မရပ်ကွက်ရှိ ဓမ္မပါလ လယ်ပေါ် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ မြနှင်းဆီကျောင်းဆောင်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။ ထိုသို့ ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှုကြောင့် အဆိုပါကျောင်းဆောင်အတွင်း သီတင်းသုံးနေသော သံဃာတော်နှစ်ပါး ဖုံးစထိမှန်ဒဏ်ရာများရရှိကာ ပျံလွန်တော်မူခဲ့ပြီး သံဃာတော် သုံးပါး၊ ကိုရင် သုံးပါးနှင့် အပြစ်မဲ့ပြည်သူသုံးဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဗန်းမော်မြို့ပြည်သူ့ဆေးရုံသို့ လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးပစ်မှတ်မဟုတ်ဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများ၊ ရှော့တိုက်ဒုံးများဖြင့် ရက်စက်ယုတ်မာစွာ ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် တိုက်ပွဲများ ဖော်ဆောင်ခြင်းများ လုပ်ဆောင်မှုများကြောင့် မြို့၊ ရွာများရှိ ဘာသာရေးအဆောက်အဦများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ လူနေအိမ်များနှင့် စာသင်ကျောင်းများထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိကာ ပြည်သူလူထု၏ အသက်အိုးအိမ်ကို ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဒေသခံပြည်သူများက အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့် နယ်မြေ လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမော်မြို့အတွင်းသို့ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သံဃာတော်များ ထိခိုက်ဒဏ်ရာရရှိမှုအား တွေ့ရစဉ်။





KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမော်မြို့အတွင်းသို့ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သံဃာတော်များ ပျံလွန်တော်မူခဲ့မှုအား တွေ့ရစဉ်။







KIA နှင့် KPDF အကြမ်းဖက်သောင်းကျန်းသူများပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံး ကျရောက်ပေါက်ကွဲမှုကြောင့် ဓမ္မပါလလယ်ပေါ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ မြနှင်းဆီကျောင်းဆောင်ပျက်စီးမှုအား တွေ့ရစဉ်။

## မင်းတပ်မြို့နယ်နှင့် မုံရွာမြို့နယ်အတွင်း တပ်မတော်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများကြောင့် ပြည်သူများ ထိခိုက်သေဆုံးခဲ့သည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၁၂**

ချင်းပြည်နယ် မင်းတပ်မြို့ရှိ နယ်မြေခံတပ်ရင်းက ဩဂုတ် ၉ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် မင်းတပ်မြို့အရှေ့ဘက်တွင် တောင်ယာလုပ်ကိုင်နေသည့် ဒေသခံအမျိုးသမီးတစ်ဦး သေဆုံးပြီး ကလေးငယ် တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အဝင်ရှိ စစ်ဆေးရေးဂိတ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ် ၁၁ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် မုံရွာ-အမြင့်လမ်းဘေးရှိ ကျေးရွာများအတွင်းသို့ လက်နက်ကြီး ကျည်များကျရောက်ပေါက်ကွဲခဲ့ပြီး ပြည်သူ နှစ်ဦးသေဆုံးကာ ခုနစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု လည်းကောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။







ဖြစ်စဉ်အမှန်မှာ မင်းတပ်မြို့နယ်နှင့် မုံရွာမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ အဆိုပါ မြို့နယ်များအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများမှ ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ လုပ်ဆောင်ရန် ရောက်ရှိစုဖွဲ့နေကြောင်း သတင်းပေးပို့ချက်အရ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ထွက်ပြေးသွားခဲ့ကြောင်းနှင့် ပြည်သူများ ထိခိုက်သေဆုံးခဲ့သည်မှာ လုပ်ကြံသတင်းအမှားသာဖြစ်ကြောင်း သိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များ အနေဖြင့် ပြည်သူများနေထိုင်ရာ ကျေးရွာများအတွင်းသို့ လက်နက်ကြီး ပစ်ခတ်မှုများ မရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အဝေးမှ လက်လုပ်လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် မြို့၊ ရွာများကို Drop Bomb များ၊ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခြင်းများကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရသည်ကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက် သောင်းကျန်းသူများ၏ လုပ်ရပ်များကိုဖုံးကွယ်ရန်အတွက် လူမှုကွန်ရက်မှတစ်ဆင့် သတင်းမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဖျာပုံမြို့တွင် ပြည်သူ သုံးဦး၏ လက်ကိုင်ဖုန်းများတွင် VPN Application တွေ့ရှိ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီး ငွေကျပ် ၅ သိန်းတောင်းကာ ပြန်လွှတ်ပေးခဲ့ကြောင်း လုပ်ကြံရေးသား ဝါဒဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်က ဒေသခံပြည်သူများ၏ လက်ကိုင်ဖုန်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့ပြီး VPN Application တွေ့ရှိသည့် ပြည်သူ သုံးဦးကို ဖမ်းဆီးခဲ့ကြောင်းနှင့် ဩဂုတ် ၁၀ ရက်က အဆိုပါပြည်သူ သုံးဦးကို တစ်ဦးလျှင် ငွေကျပ် ၅ သိန်းတောင်းပြီး ပြန်လွှတ်ပေးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ ဖျာပုံမြို့နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပွားမှု မရှိစေရန်အတွက် ရပ်ကွက်ကျေးရွာများမှ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး လှည့်ကင်းပတ်ကင်းများ ဆောင်ရွက်ခြင်းနှင့်ရှောင်တခင် စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် ၎င်း Application တွေ့ရှိသူများကို လည်းကောင်း၊ အခြားမသက်ဆိုင်သူများကိုလည်းကောင်း ဖမ်းဆီးခြင်းမရှိကြောင်း ငွေတောင်းပြီး ပြန်လွှတ်ပေးခဲ့သည့် ဖြစ်စဉ်များလည်း မရှိခဲ့ကြောင်းနှင့် ယခုသတင်းမှာ လုပ်ကြံဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေမည့် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) တို့ဖြင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည်ဟု နိုင်ငံတော်မှ အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ၎င်းအသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ ပြည်သူများ စိုးရိမ်ထိတ်လန့်စေမည့် ဝါဒဖြန့်သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာပေါ်၌ ဖြန့်ဝေနေသူများကိုလည်း သက်ဆိုင်ရာ ရဲစခန်းအသီးသီးတွင် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမေရိကန် လေယာဉ်တင် ရေတပ်သင်္ဘောအုပ်စု အရှေ့အလယ်ပိုင်းသို့ သွားရောက်မည်

**တိုကျို ဩဂုတ် ၁၂**

တင်းမာမှုများ မြင့်တက်နေသည့် အရှေ့အလယ်ပိုင်းဒေသသို့ အမေရိကန်ရေတပ်သင်္ဘောအုပ်စု အမြန်စေလွှတ်ရန်အတွက် အမေရိကန် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်နှင့် အစ္စရေးကာကွယ်ရေးဝန်ကြီး ရိုဗ့်စ် ဂဲလန့်တို့အကြား ဩဂုတ် ၁၁ ရက်က ဖုန်းဖြင့် ဆွေးနွေးခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ထုတ်ပြန်သည်။

အက်ဖ် - ၃၅ စီ တိုက်လေယာဉ်များ တင်ဆောင်ထားသည့် ယူအက်စ်အက်စ် အေဗရာဟင် လင်ကွန်းလေယာဉ်တင်သင်္ဘောကို မူလစီစဉ်ထားသည်ထက် ဆောလျင်စွာ ရောက်ရှိရန် အမိန့်ပေးခဲ့ကြောင်း အော်စတင်က ဆိုသည်။ ထို့အတူ ယူအက်စ်အက်စ် ဂျော်ဂျီယာ ပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘောကိုလည်း အရှေ့အလယ်ပိုင်းသို့ စေလွှတ်ရန် ညွှန်ကြားထားကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်လက တီဟီရန်တွင် ဟားမားစ် နိုင်ငံရေး ခေါင်းဆောင် အစ္စမေးလ်ဟာနီယေး သေဆုံးပြီးနောက် ပိုမိုကြီးမားသည့် ပဋိပက္ခများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်မှုများ မြင့်တက်လာခဲ့သည်။ အီရန်က အစ္စရေးကို လက်တုံ့ပြန်မည်ဟုလည်း ပြောဆိုထားသည်။ အော်စတင်က အစ္စရေးကို ကာကွယ်ရန် ဝါရှင်တန်၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့ပြီး လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာနှင့် ဒေသတွင်းရှိ အခြားအီရန်မဟာမိတ်အဖွဲ့များကို ဟန့်တားရန် ကြိုးပမ်းမှုများ ဆွေးနွေးခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**




အမေရိကန် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်




## ခန်းယူနစ်မြို့တွင် ဘေးလွတ်ရာရွှေ့ပြောင်းရေးအမိန့်သစ်တစ်ရပ် အစ္စရေးထုတ်ပြန်

**ဂျေရုဆလင် ဩဂုတ် ၁၂**

အစ္စရေးတပ်မတော်သည် ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ ခန်းယူနစ်တွင် ဘေးလွတ်ရာရွှေ့ပြောင်းရေးအမိန့်သစ်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။ ထိုကဲ့သို့ လုပ်ဆောင်ရခြင်းမှာ ဟားမားစ် တိုက်ခိုက်ရေးသမား များ၏ လှုပ်ရှားမှုများကြောင့် ဖြစ်ကြောင်း အစ္စရေးတပ်မတော်က ပြောသည်။

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း ဂါဇာကမ်းမြောင်တွင် အိုးအိမ်စွန့်ခွာသူ ၇၀၀၀၀ ကျော်ရှိကြောင်း ကုလသမဂ္ဂက ပြောသည်။ ယင်းဘေးလွတ်ရာရွှေ့ပြောင်းရေးအမိန့်ကို တနင်္ဂနွေနေ့က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ တနင်္ဂနွေနေ့က ရိုက်ယူထားသော ရုပ်သံဖိုင်တစ်ခုတွင် ပြည်သူများသည် ကားများနှင့် မြည်းများပေါ်တွင် ၎င်းတို့၏ ပစ္စည်းများကို တင်ဆောင်ကာ သွားလာနေကြသည်ကို တွေ့ရသည်။

ဂါဇာမြို့ရှိ စာသင်ကျောင်းတစ်ခုကိုပစ်မှတ်ထားသည့်အစ္စရေးက လေကြောင်းတိုက်ခိုက်ခဲ့ရာ လူပေါင်း ၁၀၀ ကျော် သေဆုံးကြောင်း ဂါဇာအာဏာပိုင်များက ပြောသည်။ အိုးအိမ်စွန့်ခွာလာသူများသည် ယင်းစာသင်ကျောင်းတွင် ခိုလှုံလျက်ရှိသည်ဟုဆိုသည်။

ယင်း စာသင်ကျောင်းသည် ဟားမားစ်တို့ အခိုင်အမာခြေကုပ်ယူထားသည့် နေရာတစ်ခုဖြစ်ကြောင်းနှင့် တိုက်ခိုက်ရေးသမား ၁၉ ဦးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောသည်။ **အင်န်အိတ်ချ်ကေ**

## တောမီးလောင်ကျွမ်းမှုကြောင့် ဂရိနိုင်ငံသား ၃၀၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်း

**အေသင် ဩဂုတ် ၁၂**

ရာသီဥတုပူပြင်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အေသင်မြို့ပြင်တွင် တောမီးများ လျင်မြန်စွာလောင်ကျွမ်း နေခြင်းကြောင့် အရှေ့မြောက်ပိုင်း အတ်တီကာဒေသရှိ မာရသွန်မြို့တွင် နေထိုင်သူ ၃၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ဂရိအာဏာပိုင်များက ဩဂုတ် ၁၁ ရက်တွင် အမိန့်ထုတ်ပြန်သည်။

မာရသွန်အပြေးပြိုင်ပွဲ စတင်ပေါ်ပေါက်ခဲ့သည့် မာရသွန်ဒေသ၌ နေထိုင်သူများကို အနီးနားရှိ ကမ်းခြေမြို့ဖြစ်သော နေမာခရီသို့ ရွှေ့ပြောင်းရန် ရာသီဥတုအကျပ်အတည်းနှင့် မြို့ပြကာကွယ်ရေးဝန်ကြီးဌာနက အမိန့်ထုတ်ပြန်ခဲ့သည်။

ဩဂုတ် ၁၁ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခန့်တွင် အေသင်မြို့မှ ၃၅ ကီလိုမီတာအကွာရှိ ဗာနာဗတ်တွင် ပူပြင်းခြောက်သွေ့ပြီး လေပြင်းတိုက်ခတ်နေခြင်းကြောင့် တောမီး လျင်မြန်စွာပျံ့နှံ့သွားခဲ့ပြီး မီးလောင်မှုမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များနှင့် အမှုန်အမွှားများက အေသင်မြို့၏ အစိတ်အပိုင်း အများအပြားကို ဖုံးလွှမ်းသွားခဲ့သည်။

အဆိုပါ တောမီးကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများခံစားခဲ့ရသည့် လူရှစ်ဦးကို ဆေးရုံများသို့ လွှဲပြောင်းပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောသည်။ တစ်ချိန်တည်းတွင် အရှေ့မြောက်ပိုင်း အတ်တီကာဒေသတွင် ကီလိုမီတာများစွာ ရှည်လျားသည့် တောမီးများကို ထိန်းချုပ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင် ၄၀၀ ခန့်နှင့် တပ်မတော်သားများ၊ စေတနာ့ဝန်ထမ်း အများအပြားက ရေသယ်ရဟတ်ယာဉ် ၂၉ စင်း၊ မီးသတ်ယာဉ် အစီးရေ ၁၁၀ အသုံးပြု လုပ်ဆောင်နေကြောင်း မီးသတ်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗတ်စီလစ် ဗတ်သရာဂီဘန်နစ် က အေသင်မြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဂရိနိုင်ငံ၌ ယခုနှစ်တွင် တောမီးကြောင့် လူနှစ်ဦး အသက်ဆုံးရှုံးခဲ့ပြီး ယမန်နှစ်က လူ ၂၀ သေဆုံးခဲ့သည်။

**ဆင်ဟွာ**



ဂရိနိုင်ငံ အေသင်မြို့မှ ၃၅ ကီလိုမီတာအကွာရှိ ဗာနာဗတ်တွင် လောင်ကျွမ်းနေသည့် တောမီးမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များ။

## ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းပြည်သူများ အပူပိုင်းမုန်တိုင်းဒဏ် အလူးအလဲခံစားနေရ

**တိုကျို ဩဂုတ် ၁၂**

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ပြည်သူများသည် စံချိန်တင် မိုးရွာသွန်းမှုကို ဖြစ်ပေါ်စေခဲ့သော အပူပိုင်းမုန်တိုင်းဒဏ်ကို အလူးအလဲ ခံစားနေရသည်။ အပူပိုင်းမုန်တိုင်း မာရီယာသည် ရေကြီးရေလျှံခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ မုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သော ဘေးအန္တရာယ်များ မပြီးဆုံးသေးကြောင်း အာဏာပိုင်များက သတိပေးထားသည်။

**မှတ်တမ်းတင်ထားသမျှအများဆုံးဖြစ်**

၄၈ နာရီမှ ဩဂုတ် ၁၂ ရက်မွန်းလွဲပိုင်းအတွင်း အပူပိုင်းမုန်တိုင်း မာရီယာသည် အိုင်ဝါတီခရိုင် ကမ်းရိုးတန်းဒေသများတွင် မိုးရေချိန် ၄၈၀ မီလီမီတာ ရွာသွန်းခဲ့သည်။ အဆိုပါမိုးရေချိန်သည် မှတ်တမ်းတင်ထားသမျှ အများဆုံးဖြစ်သည်။

**မြစ်ချောင်းများစိုးရိမ်ရေမှတ်ကို ကျော်လွန်ရောက်ရှိ**

အပူပိုင်းမုန်တိုင်း မာရီယာသည် အားပျော့လာပြီဖြစ်သော်လည်း မြစ်ချောင်းများ ရေလျှံခြင်းနှင့် ရေကြီးမှုများကို ဖြစ်ပေါ်စေနိုင်သေးကြောင်း မိုးလေဝသအရာရှိများက သတိပေးထားသည်။ အိုင်ဝါတီခရိုင် ဒေသအချို့ရှိ မြစ်ချောင်းများသည် စိုးရိမ်ရေမှတ်ကို ကျော်လွန်ရောက်ရှိလာပြီဖြစ်သည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် အိုင်ဝါတီခရိုင်ရှိ ခရီးသွားများ လာရောက်လည်ပတ်ရာ ထုံးကျောက်ဂူတစ်ခုကို ပိတ်ခဲ့ရသည်။ ထုံးကျောက်ဂူမှ ကျလာသော ရေများကြောင့် အနီးအနားရှိ မြစ်ချောင်းရေလျှံလာမည်ကို စိုးရိမ်လျက်ရှိသည်။

အီဝါတီခရိုင်အရာရှိများသည် ကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်သည့် ကူဂျီမြို့ တာကီဆည်မှ ရေများကို အရေးပေါ်လွှတ်ပေးခဲ့သည်။ ဆည်အနီးရှိ ပြည်သူများ ရေကြီးရေလျှံဖြစ်လာမည့် အခြေအနေကို ကြိုတင်ပြင်ဆင်ထားဖို့လိုကြောင်း အရာရှိများက ပြောသည်။ ရာသီဥတုကြောင့် အများပြည်သူသွားလာမှုများ အခက်တွေ့လျက်ရှိသည်။ အရှေ့ဂျပန်ရထားလိုင်းသည် အာကီတာ ကျည်ဆန်ရထားလိုင်း၏ ဝန်ဆောင်မှု တစ်စိတ်တစ်ပိုင်းကို ပိတ်ခဲ့သည်။ ထို့အတူ လေကြောင်းလိုင်း ၁၀ လိုင်းကျော်လည်း ဖျက်သိမ်းခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

## ဗီယက်နမ်အလယ်ပိုင်း၌ ဆုံဆို့နာရောဂါဖြစ်ပွားကြောင်း ကြေညာ

**ဟန်နွိုင်း ဩဂုတ် ၁၂**

အလယ်ပိုင်း သန်းဟွာပြည်နယ်သည် မွန်းဂ်လတ်သ်မြို့၌ ရောဂါဖြစ်ပွားသူ သုံးဦးစစ်ဆေးတွေ့ရှိပြီးနောက် ဆုံဆို့နာရောဂါ (Diathpheria) ဖြစ်ပွားကြောင်း ကြေညာရသည့် ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးသော ဒေသဖြစ်လာခဲ့သည်။

ရောဂါကူးစက် ဖြစ်ပွားသူများနှင့် အနီးကပ်ထိတွေ့ဆက်ဆံသူ ၃၄ ဦးကို ဖော်ထုတ်ထားကြောင်းနှင့် ၎င်းတို့အားလုံးမှာ မွန်းဂ်လတ်သ်မြို့ရှိ လူနေရပ်ကွက်တစ်ခုတည်းတွင် နေထိုင်ကြသူများဖြစ်ကြောင်း သိရသည်။ ရောဂါကူးစက်ဖြစ်ပွားမှုအန္တရာယ်မှာ မြင့်မားနေဆဲဖြစ်ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

သန်းဟွာပြည်နယ်သည် အသက် ၁၇ နှစ်အရွယ် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးတွင် ပထမဆုံး ဆုံဆို့နာရောဂါဖြစ်ပွားမှုကို ဩဂုတ် ၅ ရက်တွင် အစီရင်ခံ ဖော်ပြခဲ့သည်။ ထို့နောက် သုံးရက်အကြာတွင် အဆိုပါကိုယ်ဝန်ဆောင်အမျိုးသမီးနှင့် ဆွေမျိုးတော်စပ်သော အသက် ၁၀ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် အသက် ၇၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ ရောဂါကူးစက်ခံခဲ့ရသည်။

၎င်းတို့သည် ဆေးရုံအသီးသီး၌ ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အခြေအနေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



## မကွေးစျေးကွက်၌ အရောင်းအဝယ်ဖြစ်နေသည့် မြေပဲသီးနှံစျေးနှုန်းစျေးကွက်

မကွေးတိုင်းဒေသကြီး မကွေးစျေးကွက်၌မကွေးမြို့နယ်အတွင်း ရှိ ကျေးရွာအများစုတွင် အဓိက စိုက်ပျိုးလျက်ရှိသော မြေပဲ သီးနှံ (မြေပဲလုံးဆန်ဖြူ၊ မြေပဲလုံး ဆန်နီ၊ မြေပြန့်လုံးဆန်) တို့ အရောင်းအဝယ် ဖြစ်လျက်ရှိပြီး စျေးနှုန်းများအနေဖြင့် ၂၀၂၄ ခုနှစ် ဩဂုတ်လ ပထမပတ်တွင် မြေပဲလုံးဆန်ဖြူ တစ်တင်းလျှင် ငွေကျပ် ၁၃၀၀၀၀၊ မြေပဲလုံး ဆန်နီ တစ်တင်းလျှင် ငွေကျပ် ၁၂၈၀၀၀၊ မြေပြန့်လုံးဆန် တစ်တင်းလျှင် ၁၃၂၀၀၀ တို့ဖြင့် တစ်ရက်လျှင် အိတ်ရေ ၈၀ မှ ၁၂၀ အထိ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။ စျေးကွက်အနေဖြင့် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ပြည်မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ယခင်နှစ်က ထွက်ရှိသည့် မြေပဲလုံး ဆန်များသာ စျေးကွက်အတွင်း အရောင်းအဝယ် ဖြစ်နေသော ကြောင့် မြေပဲစျေးနှုန်းများ စျေးကောင်းရရှိလျက်ရှိကြောင်း သိရသည်။

**DOCA (မကွေး)**

## မကွေးမြို့နယ် ပုထိုးစမ်းကျေးရွာ၌ မိုးပဲလွန်းများ စိုက်ပျိုးလျက်ရှိ

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မကြီးကန် ကျေးရွာအုပ်စု ပုထိုးစမ်းကျေးရွာ၌ နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံသီးနှံများကို စိုက်ပျိုးကြပြီး မိုးပဲလွန်းသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ မိုးပဲလွန်းကို ဩဂုတ်လ လဆန်းပိုင်းတွင် စတင်စိုက်ပျိုးလျက်ရှိပြီး တောင်သူ ၅၀ က ဧက ၁၅၀၀ နီးပါးခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မိုးပဲလွန်း စိုက်ပျိုးမှုအနေဖြင့် မျိုးကို ယခင်နှစ်က မျိုးကောင်းမျိုးသန့်အဖြစ် ဖယ်ချန်ထားသော မိုးပဲလွန်းစေ့များကို ကြဲပက်စနစ်ဖြင့် ပြန်လည်စိုက်ပျိုးရခြင်းဖြစ်ပြီး တစ်ဧကလျှင် မျိုး ၈ ပြည်ခန့် ကုန်ကျ၍ နှစ်လခွဲခန့်အကြာတွင် ရိတ်သိမ်းနိုင်ကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ မြေပြုပြင်ခ၊ မြေဩဇာနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ယခင်နှစ်က တစ်ဧကလျှင် ၁၂ တင်းခန့် ထွက်ရှိပြီး မိုးပဲလွန်း တစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ တောင်သူများ အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၆၃၀၀၀၀ ခန့်ရရှိခဲ့ပြီး စျေးကွက်အနေဖြင့် မကွေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင်လည်း အထွက်နှုန်းကောင်းမွန်ပါက ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိနိုင်ကြောင်း မိုးပဲလွန်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (မကွေး)**

## ခရမ်းသီး (မြှုပ်ခရမ်း) များ စျေးကောင်းရ၍ တောင်သူများ အဆင်ပြေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကုန်စိမ်းသီးနှံ တစ်မျိုးဖြစ်သည့် ခရမ်းသီးကိုလည်း ရာသီမရွေး တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ခရမ်းသီးအလုံးသေး(မြှုပ်ခရမ်း) ကို စိုက်ပျိုးပြီး မျိုးစေ့ကို ပျိုးထောင်၍ စိုက်ပျိုးကာ နှစ်လခွဲ၊ သုံးလခန့်တွင် အသီးများ စတင်ခူးဆွတ်နိုင်ပြီး ၄ ရက်ခြား တစ်ကြိမ် ခူးဆွတ်ရကြောင်း၊ ခရမ်းသီး စတင်ခူးဆွတ်သည်မှ တစ်ပတ်ထက် တစ်ပတ်အထွက်နှုန်း ပိုမိုထွက်ရှိလာကြောင်း၊ တစ်ဧက အထွက်နှုန်းအနေဖြင့် တစ်ပတ်လျှင် ပိဿာ ၃၀၀-၄၀၀ ခန့်အထိထွက်ရှိပြီး သက်တမ်းအနေဖြင့် ၄ လမှ ၅ လအထိ ခူးဆွတ်နိုင်ကြောင်း သိရသည်။

ခရမ်းသီး (မြှုပ်ခရမ်း) တစ်ဧက စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၈၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခုလက်ရှိ စျေးနှုန်းအနေဖြင့် ခရမ်းသီးအလုံးသေး (မြှုပ်ခရမ်း) တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ကုန်စိမ်းသီးနှံဖြစ်သည့်အတွက် တစ်ပတ်နှင့်တစ်ပတ် စျေးနှုန်း မတူညီကြောင်း၊ တောင်သူများ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၆ သိန်းကျော် ရလျက်ရှိပြီး ကုန်စိမ်းပွဲစားများမှ စိုက်ခင်းအထိ လာရောက်ဝယ်ယူသည့်အတွက် သယ်ယူစရိတ် သက်သာသောကြောင့် တောင်သူများ တွက်ခြေကိုက်၍ အဆင်ပြေလျက်ရှိကြောင်း ခရမ်းသီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မန္တလေး)**

## ကျောက်ဆည်ခရိုင်၌ မိုးချည်မျှင်ရှည်ဝါများ စတင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ဝါသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိပြီး ကျောက်ဆည်မြို့နယ်၌ ၅၁၈၂ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၁၆၉၁ ဧက၊ မြစ်သားမြို့နယ်၌ ၆၅၂၄ ဧကဖြင့် မိုးချည်မျှင်ရှည်ဝါ စိုက်ဧက စုစုပေါင်း ၁၃၃၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးချည်မျှင်ရှည်ဝါများကို ဧပြီလနှင့် မေလများတွင် စိုက်ပျိုးပြီး ဩဂုတ်လဆန်းပိုင်းတွင် စတင်ထွက်ရှိကြောင်း၊ စိုက်ပျိုးပြီး ၂၅-၃၀ ရက်အကြာတွင် ပန်းစပွင့်ပြီး ရက်ပေါင်း ၅၀-၆၀ အကြာတွင် ဝါများရင့်မှည့်ပြီး စတင်ကောက်ယူခူးဆွတ်ရကြောင်း၊ ဝါအရည်အသွေး ကောင်းမွန်ရန်အတွက် ရင့်မှည့်ပြီး သီးနှံခြောက်မှသာ ခူးဆွတ်ရန် လိုအပ်ကြောင်း သိရသည်။

မိုးချည်မျှင်ရှည်ဝါ တစ်ဧကကို ပိဿာ ၄၀၀-၅၀၀ ခန့် ထွက်ရှိကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်မိုးချည်မျှင်ရှည်ဝါ ထွက်ရှိချိန်တွင် ဝါ တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀၊ ဂွမ်းတစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀၊ ဝါစေ့ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀ ရရှိခဲ့ပြီး ယခု မိုးချည်မျှင်ရှည်ဝါ (အသစ်) စျေးနှုန်းအနေဖြင့် ဝါတစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀၊ ဂွမ်း တစ်ပိဿာလျှင် ငွေကျပ် ၈၃၀၀၊ ဝါစေ့ တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ စျေးကွက်အနေဖြင့် ဂွမ်းနှင့်ဝါများကို ချည်မျှင်စက်ရုံနှင့် ရက်ကန်းရုံများမှ လာရောက် ဝယ်ယူလျက်ရှိပြီး တောင်သူများအနေဖြင့် အကျိုးအမြတ်ရလျက်ရှိကြောင်း သိရသည်။ **DOCA (မန္တလေး)**



### ၁၂ - ၈ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး စျေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၁၉၀၀၀ | ၆၆၅၄ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၀၀၀ | ၁၉၀၀၀ | - | ၁၇၅၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၈၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၅၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၇၁၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၄၃၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ၆၅၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၂၀၀ | | ၅၂၀၀ | ၁၇၀၀၀ | ၆၄၇၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၄၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၆၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၆၅၀၀ | ၁၁၅၀၀ | ၂၈၀၀ | ၁၃၅၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၁၁၀၀ | ၉၅၀၀ | ၇၃၀၀ | ၇၃၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၇၅၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၂၀၀၀၀ | ၆၃၄၅ | ၉၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၆၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၃၀၀ | ၇၀၀၀ | ၅၆၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၂၀၀၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၆၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၀၀၀ | ၈၃၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၁၈၅၀၀ | ၆၉၃၅ | ၁၂၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၉၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၆၅၀၀ | ၆၄၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၄၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၁၅၀ | | ၅၇၀၀ | ၁၆၀၀၀ | ၆၅၅၀ | ၁၁၀၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၇၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၈၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၃၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၂၀၀ | ၅၀၀၀ | ၅၁၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၄၀၀ | ၁၆၈၀၀ | ၆၈၀၀ | ၁၁၅၀၀ | ၂၄၀၀ | ၁၃၂၀၀ | ၁၄၅၀၀ | ၇၅၀၀ | ၅၈၀၀ | ၅၀၀ | ၈၂၀၀ | ၆၆၀၀ | ၆၂၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၄၀၀ | ၁၇၂၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၃၈၀၀ | ၁၄၈၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀ | ၈၄၀၀ | ၆၈၀၀ | ၆၅၀၀ | ၄၂၀၀ | ၅၂၀၀ | ၁၂၆၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၆၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၅၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၉၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချ ဆန္ဒဖော်ထုတ်ပွဲပြုလုပ်



**နေပြည်တော် ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှိ အပြစ်မဲ့ အရပ်သားပြည်သူများအပေါ် MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချဆန္ဒဖော်ထုတ်ပွဲကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်း၌ မွန်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် မွန်ပြည်နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) တို့မှ ဦးဆောင်၍ ပြုလုပ်သည်။

ဦးစွာ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လားရှိုးမြို့တပ်မတော်ဆေးရုံရှိ ဆရာဝန်၊ သူနာပြု၊ အရပ်သားပြည်သူများအပေါ် လူမဆန်သောယုတ်မာမှုများနှင့်ပတ်သက်၍ လည်းကောင်း၊ အကြမ်းဖက်နှိမ်နင်းရေး၊ အကြမ်းဖက် ဘေးအန္တရာယ်များနှင့်ပတ်သက်၍ လည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းပြောကြားခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် " MNDAA နှင့် ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ ချက်ချင်းရပ်၊ အပြစ်မဲ့ အရပ်သားပြည်သူများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သော MNDAA အကြမ်းဖက်အဖွဲ့အား အလိုမရှိ၊ အပြစ်မဲ့ပြည်သူများစွာကို ရက်စက်စွာသတ်ဖြတ်နေသည့် အကြမ်းဖက်များအလိုမရှိ၊ အကြမ်းဖက်အဖွဲ့များကို အမြစ်ဖြတ် နှိမ်နင်းဆောင်ရွက်ပေးရေး ဒို့အရေး၊ ပြည်သူကို သတ်ဖြတ်နေသည့် အကြမ်းဖက်အဖွဲ့များ ကျရှုံးပါစေ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းဖို့ ပြည်ဖျက်မိစ္ဆာတွေကို တိုက်ထုတ်ကြပါစို့ " စသည့် ကြွေးကြော်သံများ ကြွေးကြော်ပြီး ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်၍ ကန့်ကွက်ရှုတ်ချခြင်းကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် Neoprene Adhesives လုပ်ငန်းသုံးကော် ကီလိုဂရမ် ၁၁၇၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၆၈၃၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၂ လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Ceramic Wall & Floor Tiles ၇၃၁ ဒသမ ၃၄ စတုရန်းမီတာ၊ Plastic Resin–Polyethylene ကီလိုဂရမ် ၄၉၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၃၂၅၃၄၉) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Machinery Spare Parts ၁၃ ဘူး အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Finger-print Scanner တစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၅၀၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Carabao အားဖြည့်အချိုရည်ဘူး ၁၈၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Chenglong Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၄၆၃၃၄၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Yum Yum ခေါက်ဆွဲခြောက်ထုပ် ၄၂၀၀၊ ဂျပန်နိုင်ငံထုတ် Recond TV ၆၈ လုံး အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၃၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီးနှင့် Zhong Tong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၁၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၇၀၁) ကို သစ်တောဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၈၄၇၀၁ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။


ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၀ ရက်တွင် စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ်တစ်စီးနှင့် Dihatsu Hijet မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀) ကိုလည်းကောင်း၊ ဩဂုတ် ၁၁ ရက်တွင် စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Crown Athlete မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)၊ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ပန်းသီးအလုံး ၈၀ ပါ ခြင်း ၁၇၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၄၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၁၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၆၈၈၀၅၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# သံတောင်ကြီးမြို့၌ မြေပြိုဘေးသင့်အိမ်ထောင်စုများအတွက် တတိယအကြိမ်ထောက်ပံ့

**သံတောင်ကြီး ဩဂုတ် ၁၂**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ ဩဂုတ် ၂ ရက်က မိုးသည်းထန်ခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများကြောင့် မြေပြိုဘေးကြုံတွေ့ခဲ့ရသည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဩဂုတ် ၁၂ ရက်တွင် ပေးအပ်သည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဗိုလ်က အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇင်လတ်က ထောက်ပံ့ငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြေပြိုဘေးသင့်သည့် အိမ်ထောင်စုသုံးစုမှ လူဦးရေ ၁၉ ဦးအတွက် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၃၉၉၀၀၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၁၄၀၀၀၀ နှင့် အိမ်လုံးဝပျက်စီးသွားသည့် အိမ်ထောင်စုတစ်စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဦးစီးအရာရှိတို့က ထောက်ပံ့ပေးအပ်သည်။

**နော်နော်မူ**

❖ *ကျော့ဖုံးမှ*

စိုးလင်းဦးသည် ONE Championship နှင့် ယခုနှစ်မှ စတင်လက်တွဲခြင်းဖြစ်ပြီး သုံးပွဲထိုးသတ်ရာတွင် သုံးပွဲစလုံး အနိုင်ရခဲ့ခြင်းဖြစ်သည်။ စိုးလင်းဦးသည် ဂျပန်နိုင်ငံသား တက်ဆူဟာရိုကို တတိယအချီတွင် လည်းကောင်း၊ ပေါ်တူဂီနိုင်ငံသား ဖေဘီယိုကို ဒုတိယအချီတွင်လည်းကောင်း၊ ထိုင်းနိုင်ငံသား ပေါင်ဆရီကို ဒုတိယအချီတွင် လည်းကောင်း အလဲထိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ စိုးလင်းဦးသည် ပေါင်ဆရီကို အနိုင်ရပြီးနောက် ONE Championship နှင့် ဒေါ်လာတစ်သိန်းတန် စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး ပရိသတ်အကြိုက်တွေ့နေသည့် ဖိုက်တာ တစ်ဦးဖြစ်လာသည်။

စိုးလင်းဦးနှင့် ထိုးသတ်မည့် နာဘယ်လ်သည် ONE Championship နှင့် ၂၀၂၃ ခုနှစ်တွင် စတင်လက်တွဲခဲ့ပြီး စုစုပေါင်း ငါးပွဲထိုးသတ်ရာ လေးပွဲနိုင်၊ တစ်ပွဲ ရှုံးနိမ့်ထားသည်။ နာဘယ်လ်သည် ပထမဆုံးပွဲတွင် အရေးနိမ့်ခဲ့သော်လည်း နောက်လေးပွဲ ဆက်တိုက်အနိုင်ရထားခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ – ONE Championship**

❒ *ကျော့ဖုံးမှ*

ကုန်ကျစရိတ်သက်သာပြီး Tokutei Visa ရရှိမည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်းလည်း အသိပေးထားသည်။

အရည်အချင်းသတ်မှတ်ချက် အနေဖြင့် ဂျပန်စာ N3 Level နှင့် အထက် (JLPT, NAT–Test, Top J, J Test) အောင်မြင်ပြီးသူဖြစ်ကာ ၁၂ တန်း (သို့မဟုတ်) တက္ကသိုလ် ပထမနှစ် အောင်မြင်ပြီးသူ (သို့မဟုတ်) ဘွဲ့ရရှိပြီးသူ မြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး အသက် (၂၀) နှစ်မှ (၂၇) နှစ်အတွင်း ဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။ သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးချို့တဲ့နေသူများကို ကူညီစောင့်ရှောက်ရာတွင် စိတ်ပါဝင်စား၍ ဂျပန်နိုင်ငံတွင် နှစ်ရှည်နေထိုင် လုပ်ကိုင်နိုင်သောသူ ဖြစ်ရမည့်အပြင် ဘိုးဘွားစောင့်ရှောက်ရေးနှင့် သူနာပြုလုပ်ငန်း အတွေ့အကြုံရှိသူများကို ဦးစားပေးမည်ဖြစ်ပြီး ကျန်းမာရေးကောင်းပြီး နိုင်ငံခြားထွက်ခွာရန်အတွက် အခြေခံဆေးစစ်ချက် အောင်မြင်သူဖြစ်ရမည်။ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် စိတ်ပါဝင်စားသူများသည် သတ်မှတ်ထားသည့် Google Form တွင် ဩဂုတ် ၂၀ ရက် နောက်ဆုံးထားဖြည့်စွက်ပြီး စာရင်းပေးသွင်းနိုင်ကြောင်းနှင့် လူဦးရေ သတ်မှတ်ချက်ရှိသဖြင့် သတ်မှတ်လူဦးရေပြည့်ပါက Google Form အား ပိတ်မည်ဖြစ်ကြောင်း MAJA Education Centerမှ အသိပေးထားသည်။

**MT**

# မြန်မာ့ယွန်းထည်လုပ်ငန်း အတတ်ပညာဆိုင်ရာ ရှေးဟောင်းသုတေသနအထောက်အထားများ

ဒေါက်တာမျိုးညွန့်အောင် (ရှေးဟောင်းသုတေသနပညာ)

မြန်မာ့ယွန်းထည်လုပ်ငန်း အတတ်ပညာသည် မြန်မာ့ရိုးရာ ပန်း ၁၀ မျိုး အတတ်ပညာတွင် တစ်ခု အပါအဝင် ဖြစ်ပါသည်။ ပုဂံခေတ်ရှေးဟောင်းစာပေအထောက်အထားတို့အရ ပန်းယွန်းအနုပညာ အပါအဝင် ပန်း ၁၀ မျိုး အတတ်ပညာကို ပုဂံခေတ်ကတည်းက တွင်တွင်ကျယ်ကျယ် အသုံးပြုထားကြောင်း လေ့လာမှတ်သားရသည်။ မြန်မာ့ရိုးရာ ပန်း ၁၀ မျိုး အနုပညာတို့ကို အသေးစိတ်လေ့လာကြည့်ပါက ဘာသာရပ်တစ်ခုနှင့် တစ်ခုသည် ဆက်စပ်နီးနွယ်ပါဝင်ပေါင်းစပ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ ပန်းပု၊ ပန်းပွတ်၊ ပန်းရန်၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းပဲအတတ်ပညာတို့ကို ပုဂံခေတ် မတိုင်မီကာလ ပျူခေတ် (ဘီစီ ၂ ရာစု၊ အေဒီ ၉ ရာစု) ကတည်းက ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်နေပြီဖြစ်ကြောင်း ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှု အထောက်အထားနှင့်တကွ ဂုဏ်ယူစွာ တင်ပြအပ်ပါသည်။

မြန်မာ့ရိုးရာပန်း ၁၀ မျိုး အတတ်ပညာတွင် ထည့်သွင်းမထားသေးသည့် စဉ့်ထည်လုပ်ငန်း၊ မြေမီးဖုတ်ရုပ်ချပ် ပြုလုပ်သည့်လုပ်ငန်း၊ မြေပုတီးနှင့် အခြားကျောက်မျက်ရတနာများဖြင့် ပြုလုပ်သည့် ပုတီးလုပ်ငန်းအတတ်ပညာ၊ အနုပညာလက်ရာမြောက်သော မြေအိုးမြေထည်ပြုလုပ်သည့် အတတ်ပညာတို့ကို ပုဂံခေတ်မတိုင်မီ ပျူခေတ်ကတည်းက သေသပ်ကောင်းမွန်၍ အနုပညာလက်ရာမြောက်သော ရှေးဟောင်းဝတ္ထုပစ္စည်းများကို ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်တွေ့ရှိချက်များအရ ဖော်ထုတ်တင်ပြခဲ့ပြီးဖြစ်ပါသည်။ ပျူယဉ်ကျေးမှုထွန်းကားသည့် ဒေသများဖြစ်သည့် ပင်လယ် (မိုင်းမော)မြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်းနှင့် မွန်ယဉ်ကျေးမှုထွန်းကားသော ကျိုက်ကသာမြို့ဟောင်းတို့တွင် အထက်ပါအတတ်ပညာဆိုင်ရာ ယဉ်ကျေးမှုဝတ္ထုပစ္စည်းများကို တူးဖော်တွေ့ရှိခဲ့ပြီး ဖြစ်ပါသည်။

မြန်မာ့ပန်းထိမ်လုပ်ငန်းကို လေ့လာကြည့်ပါက ပျူခေတ်ပန်းထိမ်ပညာရှင်များသည် ပုဂံခေတ်ပန်းထိမ်ပညာရှင်များထက် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ဟူ၍ သမိုင်းနှင့် ရှေးဟောင်းသုတေသနပညာရှင် ဆရာကြီး ဒေါက်တာလုစ်က ချီးမွမ်းဖော်ပြခဲ့ဖူးပါသည်။ ရွှေဗုဒ္ဓဆင်းတုတော်၊ ငွေဗုဒ္ဓဆင်းတုတော်၊ ရွှေဘုရားလောင်းနတ်ရုပ်၊ ရွှေဒင်္ဂါး၊ ရွှေခါးပတ်၊ ရွှေနဘားလက်ကောက်၊ ရွှေလက်စွပ်တို့ကို အံ့ဩဖွယ် အနုပညာရသမြောက်အောင် သွန်းလုပ်နိုင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

## ရည်ရွယ်ချက်


မြန်မာ့ရိုးရာပန်း ၁၀ မျိုး အတတ်ပညာတို့ကို ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားတို့ဖြင့် ရှာဖွေဖော်ထုတ်ရန်၊ မြန်မာ့ယွန်းထည်လုပ်ငန်း အတတ်ပညာကို ရှေးဟောင်းမြန်မာ့စာပေ အထောက်အထားတို့ဖြင့် သုတေသနပြုရန်၊ မြန်မာ့ယွန်းထည်လုပ်ငန်း အတတ်ပညာအား သုတေသနပြုလုပ်ငန်းတို့နှင့်အတူ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာ့ပန်းယွန်းအနုပညာသည် အခြားသော မြန်မာ့ရိုးရာလက်မှုအနုပညာတို့နှင့် နီးနွယ်ပေါင်းစပ်ပါဝင်မှုကို ရှာဖွေဖော်ထုတ်ရန် စာရေးသူအနေဖြင့် မြန်မာ့ရိုးရာပန်း ၁၀ မျိုး အတတ်ပညာများထဲမှ ပုဂံခေတ်ပန်းယွန်းပညာနှင့် နီးနွယ်ဆက်စပ်လျက်ရှိသော ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့၊ ပန်းထိမ်ပညာတို့အကြောင်းကို ပုဂံခေတ်စာပေ အထောက်အထားတို့နှင့်တကွ အသေးစိတ်ဖော်ပြသွားပါမည်။

## ရှေးဟောင်းမြန်မာ့စာပေမှ မြန်မာ့ယွန်းအနုပညာ

မြန်မာနိုင်ငံတွင် သစ်စေးကို အေဒီ ၁၁ ရာစု အနော်ရထာမင်းကြီးလက်ထက် မတိုင်မီကတည်းက ကောင်းမွန်စွာသုံးစွဲခဲ့သည်ကို ညောင်ဦးမြို့ ဂူကျောင်းဆရာတော် ဦးဇာဂရထံရှိ ကျောက်စာပေါင်းချုပ် စာအုပ်နောက်ဆက်တွဲစာမျက်နှာ (၁၆၅) တွင် “ကောဇာသက္ကရာဇ် (၂၃၈)တွင် အနော်ရထာမင်းသည် အိပ်မက်အရ နတ်သား၊ ပုဏ္ဏားနှင့် ရှင်အရဟံတို့ မိန့်ကြားချက်အရ ရှာဖွေခဲ့ရာ ဟိရညကတောင်ပတ်လည်မြေကို ရေနှစ်၍ တစ်တောင်ကျော်တူးစေရာမှ အုတ်ဖိုအများတွေ့သည် အင်္ဂတေတိုက်၊ သစ်စေးအနီတိုက်တွေ့သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ သယ်ယူတင်စေသည်” ဟု ဖော်ပြထားသည်။

ယင်းကျောက်စာပေါင်းချုပ်တွင် ဆက်လက်ဖော်ပြထားသည်မှာ တန့်ကြည်တောင်ဘုရားသည် ပါဋ္ဌလိပုတ်ပြည် သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သောစေတီဖြစ်ကြောင်း၊ နောက်နောင်မင်းတို့ ပြင်ဆင်ရန် အုတ်များကိုဖုတ်ပြီး မြေတွင် အင်္ဂတေတိုက်၊ သစ်စေးအနီတိုက်ပြုလုပ်၍ စနစ်တကျ သိမ်းဆည်းထားခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ပုဂံခေတ်ကျန်စစ်သားမင်းကြီး မွန်ဘာသာဖြင့် အေဒီ ၁၁ ရာစုတွင် ရေးထိုးသော နန်းတည်ကျောက်စာတွင် ဆီမီးဒေါင်းလန်း၊ သင်ပုတ်ဒေါင်းလန်းတို့ဖြင့် ပူဇော်ကြောင်း၊ ကျောက်စာကြောင်းရေ (၁) မှ (၅) အထိနှင့် စာကြောင်းရေ ၃၆ တို့တွင် အခိုင်အမာဖော်ပြထားသည်။ ဒေါင်းလန်းဆိုသည်မှာ ပုဂံခေတ်မှ ရတနာပုံခေတ်တိုင်အောင် ထီးသုံးနန်းသုံးပစ္စည်းတစ်ခုဖြစ်ကြောင်း ထင်ရှားပါသည်။ မြန်မာ့ယွန်း အနုပညာဖြင့် ပြုလုပ်လေ့ရှိသော ဒေါင်းလန်းမှာ ပုဂံခေတ်မှစ၍ ဘာသာရေး၊ သာသနာရေးဆိုင်ရာကိစ္စရပ်တို့တွင် အသုံးပြုခဲ့ကြောင်း ပုဂံခေတ် မွန်ကျောက်စာအရ အခိုင်အမာ သိရှိနိုင်သည်။





ကုန်းဘောင်ခေတ်ဘိုးတော်ဘုရား၏ တိုက်တွန်းချက်အရ ကျောက်စာဝန်တွင်းသင်းတိုက်ဝန် မဟာစည်သူပြုစုရေးသားသော တွင်းသင်းမြန်မာရာဇဝင်သစ် (ပထမတွဲ) စာမျက်နှာ (၁၃၄) တွင် “ပုဂံခေတ်နရပတိစည်သူမင်းကြီးလက်ထက်တွင် မာလာယုကျွန်းမှရခဲ့သော စန္ဒကူးသရက္ခန်ကို ထုလုပ်သည့် ဘုရားရှင်ငါးဆူတည်း၊ သီဟတောတစ်၊ ရှင်မတောင်တစ်၊ ကွန်းရွာရွှေတံ့တစ်တစ်၊ ဆင့်ကျိုးရွှေဂူတစ်၊ ပုခန်းစည်သူရှင်တစ်၊ ဆောက်စာကိုပေါင်း၍ လုပ်သည်ကား မြတ်ပေါင်းပဥ္စူတည်း၊ သပြေပင်သိဃိုဋ္ဌကျွန်းမှရခဲ့သော ရှင်ဖြူရှင်လှ၊ ဖောင်တော်ဦး၊ စကားသားကို ထုလုပ်ခဲ့သော ဆင်းတုတော်ကိုးဆူ၊ ဆောက်စာကိုလုပ်သော မံဘုရားတစ်ဆူ၊ ဘုရားရှင်ရုပ်တုတော်များကို အညာစဉ့်ကူး၊ စစ်ကိုင်း အစရှိသည့် နေရာတို့တွင် ကိန်းဝပ်တော်မူကာ သင့်ရာဘုရား တည်တော်မူ၏” ဟု ဖော်ပြထားပါသည်။

တွင်းသင်းမြန်မာရာဇဝင်သစ်အရ ပုဂံခေတ်၌ နရပတိစည်သူမင်းကြီးလက်ထက်တွင် စူးစာဆောက်စာတို့ကို မံ၍တည်သည့် ဘုရားဆင်းတုတော်များ ပေါ်ပေါက်နေပြီဖြစ်သည်။ စာရေးသူအနေဖြင့် ဖော်ပြရသော် ထိုမံဘုရားတို့မှာ ယွန်းဘုရားဆင်းတုတော်များပင်ဖြစ်ပါသည်။ မံထားသည့် အရာဝတ္ထုထဲတွင် သစ်စေးပါဝင်မည်ဟု ယူဆပါသည်။ ပုဂံခေတ်မှ ခေတ်အဆက်ဆက်တိုင်အောင် မံဘုရား (သို့) ယွန်းဘုရားများကိုလည်း ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် လေ့လာတွေ့ရှိနိုင်ပါသည်။ သက္ကရာဇ် ၅၈၅ ခုနှစ် ရေးထိုးသော ရွှေကွန်ချာဘုရား ကျောက်စာတွင် စာကြောင်းရေ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ တို့တွင် “ရွှေဘုရား ၃၃ ဆူ၊ ကြေးဘုရား လေးဆူ၊ ဆေး(ဆိယ်) ဘုရား နှစ်ဆူ၊ ကျောက်ဘုရား ၄၄ ဆူ လှူ၏၊ ဌာပနာသောဘုရားမှာ ရွှေပုထိုဝ် ၂၊ ငွေပုထိုဝ် ၂၊ စန္ဒကူပုထိုဝ် ၄။ ဆင်စွယ်ပုထိုဝ် ၂၊ ဟသ်ပတာ ပုထိုဝ် ၂၊ ဇိခန် (ဆေးဒန်း) ပုထိုဝ် ၅၊ ကျောက်ပုထိုဝ် ၅၊ ရွှေထီး ၅၊ သရိရဓာတ်နှင့် ထည့်၍ ဌာပနာ၏”ဟု ဖော်ပြထားပါသည်။ စာရေးသူအနေဖြင့် ဆေး (ဆိယ်) ဘုရားမှာ မံဘုရားခေါ် ယွန်းဘုရားဖြစ်နိုင်သည်ဟု ယူဆပါသည်။ သစ်စေးဘုရားဆင်းတုတော်ဖြစ်နိုင်ပါသည်။ ပညာရှင်တို့၏ လေ့လာချက်အရဆေးဘုရားမှာခေတ်အဆက်ဆက် (ပုဂံခေတ်မှ ယနေ့တိုင်)ရှိခဲ့ကြောင်း၊ တိုင်းရင်းဆေးဆရာများက ပယောဂများကုရာတွင် အသုံးပြုခဲ့ကြောင်း၊ အမှန်တကယ်တော့ အနက်ရောင်မံဆင်းတု (သို) ယွန်းဆင်းတုသာဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ပုဂံရှေးဟောင်း သုတေသနပြတိုက်တွင် တစ်ဆူထိန်းသိမ်းထားပါသည်။ မြန်မာနိုင်ငံတွင် တွေ့ရှိသော ကျောက်ခေတ်သစ်လက်နက်များကို အချို့တိုင်းရင်းဆေးဆရာများနှင့် အခြားပုဂ္ဂိုလ်များက မိုးကြိုးသွားလက်နက်အဖြစ် တိုင်းရင်းဆေးကုသရာတွင် အသုံးပြုလျက်ရှိကြပါသည်။ ရှေးဟောင်းသုတေသနပညာရှင် (Archaeologist) များအတွက် ယင်းလက်နက်များမှာ လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်းခန့်က ကျောက်ခေတ်သစ်လူသားတို့ အသုံးပြုခဲ့ကြသော ကျောက်ခေတ်သစ်လက်နက်များပင် ဖြစ်ပေသည်။ ကျောက်စာတွင် ဖော်ပြထားသော ဟသ်ပြဒါးပုထိုးနှင့် ဆေးဒန်းပုထိုးတို့မှာ ယွန်းပညာရှင်တို့၏ ဆွေးနွေးချက်အရ သစ်စေးနှင့်ရောနှော၍ အသုံးပြုထားသော ပုထိုးများဖြစ်နိုင်ကြောင်း လေ့လာသုံးသပ်တွေ့ရှိရပါသည်။

ပုဂံခေတ်မှ ယနေ့တိုင်အောင် ယွန်းထည်လုပ်ငန်းတွင် အများဆုံးအသုံးပြုခဲ့သော ဟသ်ပြဒါးနှင့် ဆေးဒန်းမှာ ယွန်းထည်လုပ်ငန်းအတွက် အဓိက ကုန်ကြမ်းပစ္စည်းအဖြစ် ပါဝင်လျက်ရှိသည်ကို မီးမောင်းထိုး၍ ပြသလျက်ရှိပါသည်။ သက္ကရာဇ် ၅၉၈ ခုနှစ်တွင် ရေးထိုးသော စောလုဝန်းဘုရားမှ ရရှိသည့် အမတ်အသဝတ်ဓမ္မာ မယားကျောက်စာတွင်လည်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ဆေးဒန်း၊ ဟသ်ပြဒါး၊ ဆုန်း၊ မြေဖြူ၊ ချိပ် စသဖြင့် ဖော်ပြထားသည်။ ဆုန်းဟူသည် ဟသ်ပဒါး တစ်မျိုးဖြစ်ကြောင်း တွေ့ရှိရသည်။ ပုဂံခေတ်တွင် ဆေးဒန်းနှင့် ဟသ်ပြဒါးကို တွင်တွင်ကျယ်ကျယ် အသုံးပြုကြောင်း လေ့လာမှတ်သားရသည်။ သစ်စေးနှင့် နှိုင်းယှဉ်ကြည့်ပါက ဆေးဒန်းနှင့် ဟသ်ပြဒါးတို့ထက်စာလျှင် သစ်စေးကို ရရှိရန်လွယ်ကူနိုင်ကြောင်း စာရေးသူအနေဖြင့် ထင်မြင်ယူဆမိပါသည်။

*စာမျက်နှာ ၁၇ သို့*

**“ပုဂံခေတ်ကျန်စစ်သားမင်းကြီး မွန်ဘာသာဖြင့် အေဒီ ၁၁ ရာစုတွင် ရေးထိုးသော နန်းတည်ကျောက်စာတွင် ဆီမီးဒေါင်းလန်း၊ သင်ပုတ်ဒေါင်းလန်းတို့ဖြင့် ပူဇော်ကြောင်း၊ ကျောက်စာကြောင်းရေ (၁) မှ (၅) အထိနှင့် စာကြောင်းရေ ၃၆ တို့တွင် အခိုင်အမာဖော်ပြထားသည်။ ဒေါင်းလန်းဆိုသည်မှာ ပုဂံခေတ်မှ ရတနာပုံခေတ်တိုင်အောင် ထီးသုံးနန်းသုံးပစ္စည်းတစ်ခုဖြစ်ကြောင်း ထင်ရှားပါသည်။ မြန်မာ့ယွန်း အနုပညာဖြင့် ပြုလုပ်လေ့ရှိသော ဒေါင်းလန်းမှာ ပုဂံခေတ်မှစ၍ ဘာသာရေး၊ သာသနာရေးဆိုင်ရာကိစ္စရပ်တို့တွင် အသုံးပြုခဲ့ကြောင်း ပုဂံခေတ် မွန်ကျောက်စာအရ အခိုင်အမာသိရှိနိုင်”**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရန် တစ်လကျော်သာ လိုတော့သည့်အတွက် ဆင့်ပွားသင်တန်းများနှင့် စီမံချက်ပါလုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်

**နေပြည်တော် ဩဂုတ် ၁၂**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ ဗဟိုအဆင့် နည်းပြသင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၃ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင် အတွင်းရေးမှူး(၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားအရာရှိများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင် အတွင်းရေးမှူး(၁) ဒုတိယဝန်ကြီးက သင်တန်းသားအရာရှိများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်အဆင့် နည်းပြသင်တန်းများနှင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းများ ဖွင့်လှစ်ပို့ချရာတွင် သင်တန်းမှ ပို့ချချက်များနှင့် အတွေ့အကြုံများကို မျှဝေ၍ အဆင့်ဆင့်ကြီးကြပ် ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရန် တစ်လကျော်သာ လိုတော့သည့်အတွက် ဆင့်ပွားသင်တန်းများနှင့် စီမံချက်ပါ လုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိလာသည့် အချက်အလက်များ မှန်ကန်မှုသာ နိုင်ငံ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မဲစာရင်းပြုစုရာတွင်လည်း အထောက်အကူပြုမည့် တိကျသည့် အချက်အလက်များ ဖြစ်မည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းသားများသည် နည်းပြတာဝန်များကို မိမိတို့၏ အတွေ့အကြုံများနှင့် သင်ခန်းစာ ပို့ချချက်များပေါင်းစပ်ကာ လုပ်ငန်းများ အောင်မြင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းမှာကြားသည်။ **(အပေါ်ပုံ)**



ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းသားအရာရှိများကို တိုင်းဒေသကြီး/ပြည်နယ်အဆင့် နည်းပြခန့်အပ်လွှာများကို ပေးအပ်သည်။

အဆိုပါ ဗဟိုအဆင့် နည်းပြသင်တန်းကို ဩဂုတ် ၁ ရက်မှစ၍ သင်တန်းကာလ ၁၀ ရက်ကြာ သင်တန်းသားအရာရှိ ၅၅ ဦးဖြင့် ဖွင့်လှစ်ပို့ချပြီး သင်တန်းနည်းပြအရာရှိများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆင့်ပွားသင်တန်းများကို စီမံချက်အတိုင်း ဆက်လက်ဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*ဝ ကျောဖုံးမှ*

ဆွေးနွေးပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

"ပြည်ပ တင်ပို့မှုကလည်း တစ်နှစ်မှာ ဆန်တန်ချိန် နှစ်သန်းလောက် target ထားပြီးလုပ်ပါတယ်။ နှစ်သန်း၊ နှစ်သန်းခွဲပေ့ါ။ မနှစ်ကတော့ ပြည်ပတင်ပို့မှုက အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ဝင်ငွေရရှိတယ်၊ ဒီနှစ်တော့ သန်း ၁၀၀၀ ကျော်လောက် မှန်းထားတယ်။ သန်း ၇၀၀ ၊ ၈၀၀ ကတော့ လွယ်လွယ်ကူကူနဲ့ ရနိုင်ပါတယ်။ ဆန်နှင့် ဆန်ကွဲ တင်ပို့မှုကတော့ လစဉ်တန်ချိန် နှစ်သိန်းလောက် ရည်မှန်းချက်ထားပြီးလုပ်တယ်။ အခုမိုးတွင်းကာလမှာတော့ လစဉ်တန်ချိန် တစ်သိန်း၊ တစ်သိန်းခွဲလောက် တင်နိုင်တယ်။ ပွင့်လင်းရာသီမှာတော့ တန်ချိန်နှစ်သိန်း၊ နှစ်သိန်းခွဲလောက် တင်ပို့နိုင်အောင် စီစဉ်နေပါတယ်"ဟု ဦးရဲမင်းအောင်က ပြောကြားသည်။

ယင်းအပြင် နိုင်ငံတကာမှ ဝယ်လိုအားအနေဖြင့် ဥရောပနိုင်ငံများက အများဆုံး ဝယ်ယူနေကြောင်းလည်း ၎င်းထံက သိရသည်။

"နိုင်ငံတကာ ဝယ်လိုအားလည်း ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံကဆန်ကို ဥရောပနိုင်ငံတွေက အများဆုံးဝယ်ပါတယ်။ ဥရောပနိုင်ငံတွေက ဆန်ရော၊ ဆန်ကွဲရော ဝယ်တယ်။ တရုတ်နိုင်ငံကလည်း ဝယ်ပါတယ်။ နောက် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှားတို့၊ ဖိလစ်ပိုင်တို့လည်း ဝယ်ပါတယ်။ ဒါကြောင့်မို့ ဆန်ပြည်ပတင်ပို့နိုင်တဲ့ အနေအထားရှိပါတယ်"ဟု ၎င်းက ဆိုသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့မှုအနေဖြင့် ဧပြီလတွင် ၁၁၁၈၆၂ မက်ထရစ်တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅ သန်း၊ မေလတွင် (၇၁၂၇၉ ဒသမ ၅) မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၆ သန်း၊ ဇွန်လတွင် ၁၆၂၃၂၅၇၅ မက်ထရစ်တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၄ သန်း၊ ဇူလိုင်လတွင် ၁၆၅၄၄၄ ဒသမ ၃ မက်ထရစ်တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၁ သန်းရှိခဲ့ပြီး ဧပြီလမှ ဇူလိုင်လအထိ လေးလတာအတွင်း ဆန်နှင့် ဆန်ကွဲ ၅၁၀၉၁၁ ဒသမ ၆ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၅၆ သန်း ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်း၏ စာရင်းများအရ သိရသည်။ **MT**

---

## မက်မန်းမြို့နယ် နယ်ခြားကျောင်း၌ လူငယ်ရေးရာဟောပြော

**မက်မန်း ဩဂုတ် ၁၂**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ် နယ်ခြားကျောင်း၌ ကျောင်းသား ကျောင်းသူလူငယ်များအား လူငယ်ရေးရာဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

